မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

ပြည်တွင်းသယံဇာတများကို အပြည့်အဝအသုံးချ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများထုတ်လုပ်

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် နိုင်ငံအနှံ့ ပြန့်ကျဲနေသော စက်မှုလက်မှု လုပ်ငန်းများကိုစုစည်းပြီး ဒေသအလိုက် စက်မှုဇုန်များ တည်ဆောက် အကောင်အထည်ဖော် ပေးခဲ့သည်။

စက်မှုဇုန်များက သမားရိုးကျ အခြေခံစက်မှုလုပ်ငန်းများကို အသေးစား စက်မှု လုပ်ငန်းများအဖြစ် တီထွင်ပြောင်းလဲ၍ အသေးစားမှတစ်ဆင့် အလတ်စားနှင့် အကြီးစား ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းစွမ်းဆောင်လျက် ရှိသည်။

နိုင်ငံတော်က စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကဏ္ဍအလိုက် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ တောင်ကြီးမြို့ရှိ အေးသာယာစက်မှုဇုန်တွင်လည်း သံရည်ကျို အလုပ်ရုံ၊ စက်ခုတ်စားအလုပ်ရုံနှင့် ပုံဖိ ပုံထောင်း အလုပ်ရုံများ တည်ထောင်ပေးခဲ့သည်။

ယခုအခါ အေးသာယာစက်မှုဇုန်တွင် လယ်ယာသုံး လက်တွန်းထွန်စက်၊ ခြေလှေ့ စက်နှင့် စပါး ရိတ်စက်များ၊ မော်တော်ယာဉ်များ၊ စက်နှင့် စက်ကိရိယာ အရန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။

စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများမှ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ပြည်တွင်း သယံဇာတပစ္စည်းများကို အဓိကထား အသုံးပြုပြီး စက်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နှင့်မြို့ပြ ကွာဟချက်နည်းပါးကာ အလုပ်အကိုင် အခွင့် အလမ်းကောင်းများ တိုးတက်ရရှိလာမည် ဖြစ်သည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားစက်မှုလုပ်ငန်းရှင် များက နိုင်ငံအတွင်းရှိ သယံဇာတများကို အပြည့်အဝအသုံးချပြီး ပြည်ပသွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေ အကုန်အကျသက်သာကာ တစ်မျိုးသား လုံး၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်တွင်းဘွဲ့ခံဆရာတော်များနှင့် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ရန်ကုန်မြို့သို့ ကြွရောက်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန် စိမ်းလောင်းလှူပွဲ အခမ်းအနားများသို့ ကြွရောက်တော်မူရန် ပြည်တွင်းဘွဲ့ခံ ဆရာတော်များနှင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များသည် ယမန်နေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့က မြန်မာ့မီးရထားခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။

မော်တော်ယာဉ်ဖြင့် ပင့်ဆောင်

အဆိုပါ ဆရာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်ဘူတာကြီးတွင် ဖူးမြော်ကြိုဆိုကြပြီး ခေတ္တသီတင်းသုံးတော်မူမည့် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းပြန်လည်သုံးသပ် အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းပြန်လည် သုံးသပ်သည့် အစည်းအဝေးကို ယမန်နေ့ညနေ၃နာရီက နေပြည်တော် တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ကျင်းပရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီး အကဲများ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ချုပ် ဦးမြင့်သိန်းက အစည်းအဝေး အစီအစဉ်များကို ဖတ်ကြား တင်ပြ သည်။

အမှာစကားပြောကြား

အစီအစဉ်အရ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ် ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နှစ်(၆၀)ပြည့် ပြည် ထောင်စုနေ့ကျင်းပရေး လုပ်ငန်းဆပ် ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များ နှင့် စပ်လျဉ်း၍အားသာချက်၊ အားနည်း ချက်များကို ပြန်လည်သုံးသပ် ရှင်းလင်း တင်ပြကြသည်။ ဆက်လက်၍ အစည်း အဝေး တက်ရောက် လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ပြန်လည်သုံးသပ်ဆွေးနွေး

ယင်းနောက် နှစ်(၆၀)ပြည့် ပြည် ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော် မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာန ချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

ရခိုင်သဟာယအသင်း(ရန်ကုန်) ထူးချွန်ဆုရရှိသူများ ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့ ပူးပေါင်း၍ ၂၀၀၅–၂၀၀၆ခု တက္ကသိုလ် ဝင်စာမေးပွဲတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)နှင့် နိုင်ငံ တကာအဆင့် အားကစား၊ ပန်းချီပြိုင်ပွဲ တို့တွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ် ခန်းမဆောင်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည်။

ဆုချီးမြှင့်ပေး

ရှေးဦးစွာ ရခိုင်ပြည်နယ်မှ ဂုဏ်ထူး ခြောက်ဘာသာ၊ ငါးဘာသာရရှိသူများ၊ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိကြ သည့် အသင်းဝင်များ၏ သားသမီး များ၊ ထူးချွန်သူများ စုစုပေါင်း ၅၀ ကျော်တို့အား အလှူရှင်များက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အမှာစကားပြောကြား

ထို့နောက် ရခိုင်သဟာယအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးအောင်ရွှေဦးနှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဒေါ်တင်တင်တို့က အမှာစကား ပြော ကြားကြသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် ဒေါက်တာဘွဲ့ရဆရာတော် အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာ လမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ ကြီးတွင် ဒေါက်တာဘွဲ့ရ ဆရာတော် ဓမ္မသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ တက္ကသိုလ်၊ မတ် ၁ရက်တွင် ဒေါက်တာ အရှင် နန္ဒက၊ ၂ ရက်တွင် ဒေါက်တာ အရှင်ပညိဿရ(ဓမ္မဒူတတောရ)၊ ၃ ရက်တွင် ဒေါက်တာအရှင် သောပါက၊ ၄ ရက်တွင် ဒေါက်တာ အရှင်ဣန္ဒက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၅ ရက်တွင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဒုတိယ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်၊ ၆ရက်တွင် ဒေါက်တာဉာဏဂုတ္တိက နိဗ္ဗာန်ရောက် ကြောင်း တရားတော်များ ဟောကြား မည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင် ကြောင်း သိရသည်။ **(က–ပ)**

ကျောက်တန်းမြို့နယ် တံတားမြို့ ပုတ္တလုပ်ကျေးရွာနေ ဦးဝင်းဌေး–ဒေါ်တင်တင်ဝင်း၊ သား မောင်သူရအောင် မိသားစုတို့က မောင်သူရအောင်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမ အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်ကြည်ညို

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဌမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမ အစည်းအဝေး(ပထမနေ့)၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဂ္ဂိယ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ဇေယျဝတီကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘန၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇနှင့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

သဘာပတိ

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူသည်။

ထို့နောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့်ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီးအစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

အခမ်းအနားဖွင့်လှစ်

ဆက်လက်၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက “သာသနဿစ၊ လောကဿ၊ ဝုမိုဘဝတု သဗ္ဗဒါ။ သာသနမ္ပိစ၊ လောကဥ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။” ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူး ဆရာတော်က ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပမည့် ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ၁၂ရက်နှင့် ၁၃ရက် (၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်၊ ၂၇ ရက်နှင့် ၂၈ရက်)တို့အတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားကာ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူပြီး ယနေ့ ဖြန့်ဝေဆက်ကပ်ထားသည့် အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဩဝါဒကထာ

ဆက်လက်၍ ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမ အစည်းအဝေး(ပထမနေ့) ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာ ချီးမြှင့်မှုများကို နာယူတော်မူကြရန်အတွက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတာသိရီဘိဝံသကလည်းကောင်း၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသက လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘန၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကိုင်းကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိက ကလည်းကောင်း၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ကချင် ပြည်နယ် မိုးညှင်းမြို့နယ် ဇေယျာသုခ ဝါဆိုကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာက လည်းကောင်း၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မကွေးတိုင်း ငဖဲမြို့ ကန်လယ်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလက လည်းကောင်း အသီးသီး ဖတ်ကြားတော်မူကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာ ရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

မှတ်တမ်းတင်

ဆက်လက်၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ယခုနှစ် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ကြသည်။

ထို့နောက် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက တင်သွင်းတော်မူ၍ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

တင်သွင်းလျှောက်ထား

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသက တင်သွင်း လျှောက်ထားတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ တာဝန်ကျ (ပထမအဖွဲ့ခွဲဝင်)နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဖတ်ကြား တင်သွင်းတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော်များ ဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရတို့က ရှင်းလင်းပြန်ကြားလျှောက်ထားတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ၂၅ရာခိုင်နှုန်းအနားယူခြင်းဆိုင်ရာ လုပ်ငန်းစိမံချက်အရ အနားယူသွားကြသည့် ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အမည်စာရင်းကိုကြေညာ၍ လုပ်ငန်းစိမံချက် အခန်း(၄)၊ အပိုဒ် (၁၁)၊ အပိုဒ်ခွဲ(၄)ကို ရှင်းလင်းလျှောက်ထားတော်မူပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ဖေဖော်ဝါရီ၂၇ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်း လျက်ရှိကြရာ ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသော (ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့အား ဦးထိပ်ထား၍ စန္ဒီ ပရဆေးမိသားစုက ယနေ့တွင် သုံးထပ်ဆွမ်းစားဆောင်၌ တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်း ဆက်ကပ်လှူဒါန်းအပြီးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ အလှူရှင်မိသားစုနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး မကွေးဆရာတော် ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် မကွေးဆရာတော်အား သင်္ကန်းအစုံရှိသော လှူဖွယ်ဝတ္ထုနှင့် တိုင်းရင်းဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် မကွေးဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြား ချီးမြှင့်တော်မူရာ အလှူရှင်မိသားစုနှင့် ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အလားတူပင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအား ရန်ကုန်မြို့ရှိ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းရှင်များဖြစ်ကြသည့် ကေသီပန်၊ မှန်ချို၊ ထွန်းရွှေဝါ၊ ရှမ်းဆရာကြီးဦးစိုင်း၊ ဧကမ္ဗာ၊ ဆန္ဒမွန်၊ ဂရိတ်ဝေါ၊ ပြည်လုံးချမ်းသာ၊ ဂဠုန်ရာဇာ၊ မဟာဝန်၊ ဧရာဝဏ်နှင့် ရွှေယုန်မင်းဆေးတိုက်တို့မှ လုပ်ငန်းရှင်များက ယနေ့တွင် တိုင်းရင်းဆေးဝါးမျိုးစုံတို့ကို ဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

ချင်းပြည်နယ် အအေးပို

၂၆-၂-၂၀၀၇

နေပြည်တော်	၂၂	ဒီဂရီစင်တီဂရိတ်
ဟားခါး၊ အမ်း	၄	ဒီဂရီစင်တီဂရိတ်
မိုးကုတ်၊ လားရှိုး	၇	ဒီဂရီစင်တီဂရိတ်
ပူတာအို	၁၀	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၂၂	ဒီဂရီစင်တီဂရိတ်

အီရန်၏ နျူကလီးယား အခွင့်အရေးကိုကာကွယ်ပြီး ကန့်သတ်မှုများကို ဖယ်ရှားသွားမည်ဟု အီရန်သမ္မတပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၂၆

အီရန်နိုင်ငံက နျူကလီးယား အခွင့်အရေးများကို ကာကွယ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဖေဖော်ဝါရီ ၂၃ရက်၌ ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယား အစီအစဉ်နှင့် ပတ်သက်ပြီး ဖိနှိပ်ချုပ်ချယ် ကန့်သတ်မှု အားလုံးကို ခုခံကာကွယ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ အခွင့်အရေးများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

ပြောကြား

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က စစ်ဆေးပြီးနောက် တစ်ရက်အကြာ အီရန်နိုင်ငံမြောက်ပိုင်း ဂီလန်ပြည်နယ်သို့ခရီးထွက်စဉ် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားလိုက်သည်။

အိုင်အေအီးအေကလည်း အီရန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အတိုင်း ယူရေနီယံ ထုတ်လုပ်မှုကို ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။

ငြင်းဆို

အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့မှ ဒုတိယအကြီးအကဲ မိုဟာမက်ဆတ်ဒီကလည်း ယူရေနီယံ ထုတ်လုပ်မှုကို ရပ်တန့်ရန် ငြင်းဆိုခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်။

ပါကစ္စတန်၌ မြေပြို ၁၃ဦးသေ၊ ငါးဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၆

ပါကစ္စတန်တို့ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသအပိုင်းတွင် ဖေဖော်ဝါရီ ၂၄ရက်က မြေပြိုမှုကြောင့် လူအနည်းဆုံး ၁၃ဦး သေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံပိုင်သတင်းဌာန အေပီပီက သတင်းထုတ်ပြန်သည်။

အခင်းဖြစ်ပွားမှုမှာပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်၏ အရှေ့မြောက်ဘက် ကီလိုမီတာ၆၀ခန့်အကွာ ကျေးရွာတစ်ရွာတွင် မြေပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့မြေပြိုမှု ဖြစ်ပွားရခြင်းမှာလည်း ယခင်ရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်သည်။

မြေပြိုခဲ့

မြေပြိုမှုမှာ ခရီးသည် ၁၈ဦးကို တင်ဆောင်လာသော မီနီဘတ်စ်ကား တစ်စီး အဆိုပါအရပ်သို့ ဖြတ်သန်းမောင်းနှင်စဉ် ယခုကဲ့သို့ မြေပြိုခဲ့ခြင်းဖြစ်ပြီး ဘတ်စ်ကားပေါ်မှ ခရီးသည်များ သေဆုံး၊ ဒဏ်ရာရရှိမှု ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

သေဆုံး

အဆိုပါအရပ်သည် ၂၀၀၅ခုနှစ် အောက်တိုဘာလက အင်အားရစ်ချ်တာစကေး၇ဒသမ ၆အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခဲ့ပြီး လူ ၇၃၀၀၀ကျော် သေဆုံးခဲ့ရသည့် ဒေသဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးခွဲမည်ဟု ခြိမ်းခြောက်မှုကြောင့် ဘရပ်ဆဲလ်လေဆိပ် ခေတ္တပိတ်ခံရ

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၆

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ လေဆိပ်တွင် ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်မှုတစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲပိုင်းက အဆိုပါလေဆိပ်အား နှစ်နာရီကြာ ပိတ်ထားခဲ့ရကြောင်း ဘရပ်ဆဲလ် လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

သတိပေး

ဘရပ်ဆဲလ်လေဆိပ်တွင် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲပိုင်းက ဗုံးဖောက်ခွဲမည်ဟု တယ်လီဖုန်းဖြင့် ခြိမ်းခြောက် သတိပေးမှုကိုရရှိခဲ့ပြီးနောက် လေဆိပ်ဧရိယာအနှံ့အပြားတွင် ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း ဘရပ်ဆဲလ်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နှောင့်နှေး

ထိုသို့ခြိမ်းခြောက်မှုကြောင့် လေယာဉ်အဝင်အထွက်များ နှစ်နာရီကြာမျှ ပိတ်ထားခဲ့ရသဖြင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကနေဒါမှ ယူအေအီးသို့ ကုန်ပစ္စည်းတင်ပို့မှု ၂၀၀၆ခုနှစ်က ဒေါ်လာ ၅၀၉သန်းခန့်ရှိခဲ့

အဘူဒါဘီ ဖေဖော်ဝါရီ ၂၆

ကနေဒါနိုင်ငံမှ ယူအေအီးနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ ၂၀၀၆ခုနှစ်က အမေရိကန်ဒေါ်လာ ၅၀၉သန်းဖိုးရှိခဲ့ရာ အမြင့်မားဆုံး စံချိန်ပင်ဖြစ်ကြောင်း ခါလီအီတိုင်းမ် သတင်းစာက ဖေဖော်ဝါရီ ၂၄ရက်၌ ဖော်ပြသည်။

အဆိုပါ ကုန်ပစ္စည်း တင်ပို့မှု ကိန်းဂဏန်းမှာ ဖေဖော်ဝါရီ ၁၆ရက်မှ ၂၂ ရက်အထိ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပသည့် ကနေဒါယဉ်ကျေးမှုပွဲတော် အထိမ်းအမှတ် ဖြစ်သော ကနေဒါ သီတင်းပတ်၂၀၀၇၌ ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

ကနေဒါက ၂၀၀၀ပြည့်နှစ်တွင် ယူအေအီးသို့ ကုန်ပစ္စည်းတင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၁၉၃သန်းခန့်သာ ရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၅၀၉သန်းအထိ တိုးတက်လာခြင်း ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံတွင် ကနေဒါမှ ကုမ္ပဏီပေါင်း၄၀ကျော်ကရုံးများဖွင့်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်တာနက် – ကျန်းမာရေး

အစားအစာ ဇီဇာကြောင်သူများ အူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၆

အစားအစာ ဇီဇာကြောင်သူများသည် အူနှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါများခံစားရမှု ပိုမို အခွင့်အလမ်းများကြောင်း ဗြိတိန်နိုင်ငံ ဆောက်သမ်ပတန် တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ပိုမိုဖြစ်ပွား

လူ ၆၂၀တို့အား သုတေသနပြုခဲ့ရာတွင် ထိုသို့ ဇီဇာကြောင်သူများသည် အူနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိခဲ့ရသည်ဟု ၎င်းတို့က ပြောကြားသည်။

ရွေးချယ်မှု

ထိုသူများသည် နာမကျန်းမှု ဖြစ်သည့်အခါတွင် အစားအစာ ရွေးချယ်မှု၊ အာဟာရဖြစ်သော အစာများကို မစားသောက်မှု၊ သာမန်ထက် လွန်ကဲသော ဇီဇာကြောင်မှုများကြောင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆောက်သမ်ပတန်တက္ကသိုလ်မှ ဒေါက်တာရိုနာ မော့စ်မော်ရစ်က ပြောကြားသည်။ **(အင်တာနက်)**

ကျန်းမာရေးနှင့် အစားအသောက်ဆင်ခြင်ပါက လေဖြတ်ခြင်းကို ဟန့်တားကာကွယ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၆

လေဖြတ်ရောဂါ ကြိုတင်ကာကွယ်မှုအဖြစ် လူတို့သည် နေ့စဉ်ကိုယ်လက် လေ့ကျင့်ခန်းနှင့် အစားအသောက်၊ အနေအထိုင်များ ပြုပြင်နေထိုင်စားသောက်သင့်ကြကြောင်း ဗြိတိန်ရှိ သုတေသနပညာရှင်များက ပြောကြားသည်။

လေဖြတ်ခြင်းမှာ အကြောင်းအရာ နှစ်မျိုးကြောင့်ဖြစ်ပြီး တစ်မျိုးမှာ ဦးနှောက်အတွင်းသွေးခဲမှုကြောင့်၊ နောက်တစ်မျိုးမှာ သွေးကြောများပေါက်ကွဲထွက်ခြင်းကြောင့်ဖြစ်ကြောင်း **(အောက်ပုံ)** ၎င်းတို့က ဆက်လက်ပြောကြားသည်။

လေဖြတ်ခြင်းရောဂါကို ကာကွယ် ဟန့်တားရန်မှာ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်ခြင်း၊ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု မပြုခြင်းနှင့် အရက်ကို အနည်းငယ်သာ သောက်သုံးခြင်းတို့ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက သတိပေးထားသည်။

လေဖြတ်ရောဂါ ခံစားရပါက ချက်ချင်းပင် ဆေးဝါးကုသမှုယူရန်လိုအပ်ပြီး အက်စပရင်ကဲ့သို့ဆေးဝါးများစားသုံးကာ အမြန်ပျောက်ကင်းအောင်ကုသရန် လိုအပ်ကြောင်း၊ သို့မှသာ သက်သာပျောက်ကင်းနိုင်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**



မျောက်ဝံများ သားကောင်ရှာရာ၌ သစ်သားလှံချွန်များ အသုံးပြု

လန်ဒန် ဖေဖော်ဝါရီ ၂၆

အာဖရိကတိုက် ဆီနီဂေါနိုင်ငံမှ မျောက်ဝံများသည် အခြားသော အဆင့်မြင့် နို့တိုက်သတ္တဝါများကို အမဲလိုက်ရာတွင် သစ်သားတစ်ဖက်လှံချွန်များ **(အပေါ်ပုံ)**အသုံးပြုကြောင်း လေ့လာတွေ့ရှိရသည်ဟု ကားရင့်ဘိုင်အိုလိုဂျီ ဂျာနယ်တွင် ဖော်ပြပါရှိသည်။

သစ်ပင်၏ပင်စည်၊ သို့မဟုတ် သစ်ကိုင်းခေါင်းတွင်း၌ ပုန်းအောင်းနေသည့် သတ္တဝါများကို မျောက်ဝံများက သစ်သားလှံချွန်များနှင့် ဆတ်ခနဲ၊ဆတ်ခနဲ ထိုးနေသည့် အခွင့်အခါ ၂၂ ကြိမ်မျှ တွေ့ရကြောင်း ဂျာနယ်၌ ဆောင်းပါးရေးသူ နှစ်ဦးက ဖော်ပြထားသည်။

ထိုအဖြစ်များကို ဆီနီဂေါနိုင်ငံ မွန်ဂိုလီဒေသ၌ ၂၀၀၅ခုနှစ် မတ်လမှ ၂၀၀၆ခုနှစ် ဇူလိုင်လအထိ သုတေသနပြုစဉ် ကြုံရခြင်းဖြစ်သည်။ သစ်ခေါင်းတွင်းသို့ သစ်သားလှံချွန်များဖြင့် ထိုးပြီးနောက် မျောက်ဝံများသည် မကြာခဏ အနံ့ခံကြည့်ခြင်း၊ သို့မဟုတ် လျှာဖြင့်လျက်ကြည့်ခြင်း ပြုလုပ်တတ်ကြသည်။

သုတေသီတို့၏ တွေ့ရှိချက်များမှာ လူသား၏ဆင့်ကဲဖြစ်စဉ်နှင့် ဆက်စပ်မှုရှိနိုင်ကြောင်း ပြသနေသည်။

(အင်တာနက်)

(၇၉)ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲ

အကောင်းဆုံးရုပ်ရှင်ဆုအဖြစ် "The Departed" ရုပ်ရှင်က ဆွတ်ခူးရရှိ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၆

(၇၉)ကြိမ်မြောက် အော်စကာရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို လော့စ်အိန်ဂျလိစ်မြို့ ကိုဒတ်ကပွဲရုံကြီး၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ အကောင်းဆုံး ရုပ်ရှင်ထူးချွန်ဆုများကို အောက်ပါအတိုင်း ရရှိခဲ့ကြသည်။

အကောင်းဆုံး ဒါရိုက်တာဆုရ မာတင်စကောဆက်။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံးရုပ်ရှင်အော်စကာဆု

"The Departed"

အကောင်းဆုံး ဒါရိုက်တာဆု

"The Departed"ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသူ မာတင်စကောဆက်က ရရှိဆွတ်ခူးသွားသည်။

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို "The Last King of Scotland" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သည့် ဖောရက်စ်ဝိတ်ကာက ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကို "The Queen"ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ဟယ်လင်မီရင်က ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ရရှိသွားသည့် ဖောရက်စ်ဝိတ်ကာ။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု

"Little Miss Sunshine" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အလန်အာကင်က အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု ရရှိသွားသည့် The Queen ရုပ်ရှင်ဇာတ်ကားမှ ဟယ်လင်မီရင်၏ အပြုံး။ (ဓာတ်ပုံ-အင်တာနက်)

သတင်းအကျဉ်း

မောင်မောင်မြင့်ဆွေ

အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသွားသည့် Little Miss Sunshine ရုပ်ရှင်ဇာတ်ကား၌ သရုပ်ဆောင်ခဲ့သူ အလန်အာကင် (ယာ)အား ဇနီးဖြစ်သူနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို "Dreamgirls" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ဂျင်နီဖာ ဟုဒ်ဆမ်က ရရှိခဲ့သည်။

အကောင်းဆုံး နိုင်ငံခြားစကားပြောရုပ်ရှင်ဆု

"The Lives of Others"ရုပ်ရှင်က အကောင်းဆုံး နိုင်ငံခြားစကားပြော ရုပ်ရှင်အော်စကာဆုကို ဆွတ်ခူးရရှိခဲ့သည်။

အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု

"Little Miss Sunshine"ရုပ်ရှင်ဇာတ်ညွှန်းရေးသူ မိုက်ကယ်အန့်က ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဆု

ဒါရိုက်တာဒေးဗစ်ဂူဂင်ဟမ်း ရိုက်ကူးသည့် An Inconvenient Truth ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိသွားသည်။

အထက်ပါဆုများအပါအဝင် ရုပ်ရှင်အော်စကာဆုပေါင်း ၂၄ခုကို (၇၉)ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ ချီးမြှင့်ခဲ့သည်။ ။ **(အင်တာနက်)**

၂၀၀၆ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာသင်ဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှစတင်ပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ ဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၀၆ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် စာပေဆုရရှိသူများ၏အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆု

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို မောင်စိုးမြတ်(ချောင်းဦး)၏ **"ငွေကြယ်ရုံခ အလှသစ်နှင်း ရွှေလမင်းနှင့် အခြား ကဗျာများ"**ကလည်းကောင်း၊ ဒုတိယဆုကို မြေလတ်မင်းလွင်၏ **"အရဏ်သစ်မြူး ဖူးပွင့်ဝေစည် ပန်းရွှေပြည် ကဗျာများ"** ကလည်းကောင်း၊ တတိယဆုကို ဇာနည်၏ **"ပွင့်ပန်းသီဂီ ကဗျာများ"**ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို သိန်းဇော်(ရွှေလီဦး)၏ **"ရွှေသဲ တစ်ပွင့်"**ကလည်းကောင်း၊ တတိယဆုကို သိန်းသန်းဝင်း(မလှိုင်)၏ **"သဇင်လည်းသင်း၊ လမင်းလည်းသာ"**ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆု

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သွဲ့ထားညို(သက္ကလ)၏ **"ရင်ထဲကမီးနှင့် အခြားဝတ္ထုတိုများ"**ကလည်းကောင်း၊ ဒုတိယဆုကို ပုသိမ်အောင်သန်းဦး၏ **"မော်ဝတ္ထုတိုများ"**ကလည်းကောင်း၊ တတိယဆုကို နေမျိုးသန့်၏ **"လောကအလှ ဘဝကြေးမုံ ဝတ္ထုတိုများ"**ကလည်းကောင်း ရရှိကြသည်။

ကျမ်းစာပေဆုတွင် ပထမဆုကို မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်)၏ **"မြန်မာ့ရိုးရာ ပန်းတမော့"**ကလည်းကောင်း၊ ဒုတိယဆုကို မောင်တင်ဖူး၏ **"အခြေခံ ကြံကြိတ်ဝါးခြင်းဆိုင်ရာ နည်းပညာရပ်များ"**ကလည်းကောင်း ရရှိကြသည်။

သုတေသနစာပေဆု

သုတေသနစာပေဆုတွင် ပထမဆုကို ဒေါက်တာကျော်သန်းထွန်း(ကန်တုန်ဆေးတက္ကသိုလ်)၏ **"တော်ဝင်ခံ့ထည် မြန်မာ့ ပိုးထည်"**ကလည်းကောင်း၊ ဒုတိယဆုကို အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)၏ **"သုတေသနခရီးသွား ပင်းယ၊ အင်းဝ မှတ်တမ်းများ"**ကလည်းကောင်း ရရှိကြသည်။

ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၆ခုနှစ် **"တစ်သက်တာစာပေဆု"**အတွက် စာရေးဆရာမကြီး ခင်ဆွေဦးအား ရွေးချယ်လိုက်ကြောင်း သိရှိရသည်။

ပညာသင်ဆု

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မသီရိရတနာစိုးဟန် (ဒုတိယနှစ်၊ သဘင်)ကလည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ မောင်ဖြိုးဝေထွန်း (ပထမနှစ်၊ ပန်းချီ)ကလည်းကောင်း ရရှိကြသည်။

၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုနှင့်ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၇ရက်(စနေနေ့) နံနက် ၉ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်

ဆုရသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပညာရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေး ကော်မတီက ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ် အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ် သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ များစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဆုရရှိသူများ

ပညာရည်ချွန်ဆု ရရှိသူများမှာ မြန်မာ စာဘာသာရပ်တွင် မောင်ထွန်းထွန်း (အဖ)ဦးကျော်လတ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မန္တလေးက ပထမ၊ မမြတ်စုသန်း (အဖ) ဦးမြသန်း အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်း အင်းစိန်က ဒုတိယ၊ မောင်ထွန်းနောင်လင်း (အဖ) ဦးထွန်းရှင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပုသိမ်ကတတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မသီရိဝင်း (အဖ) ဦးဝင်းညိန်း ပညာရေး တက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ကမာရွတ်က ပထမ၊ မနန်းပိုးပိုးဟန်ထွေး (အဖ) ဦးမောင်မောင် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း လမ်းမတော်က ဒုတိယ၊ မြတ်သူသူစိုး(အဖ) ဦးသန်းစိုးဝင်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်က တတိယ၊ သင်္ချာဘာသာရပ်တွင် မအိအိလှိုင် (အဖ) ဦးစိန်သောင်း အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း လသာက ပထမ၊ မသီရိဝင်း (အဖ)ဦးဝင်းညိန်း ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်း ကျောင်း ကမာရွတ်က ဒုတိယ၊ မနန်းပိုးပိုးဟန်ထွေး (အဖ) ဦးမောင်မောင် အမှတ်(၂)အခြေခံ ပညာအထက်တန်း ကျောင်း လမ်းမတော်က တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မအိအိလှိုင် (အဖ) ဦးစိန်သောင်း အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း လသာက ပထမ၊ ရူပဗေဒဘာသာရပ်တွင် မခင်ခင်လေး (အဖ)ဦးခင်မောင်ချို အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း မော်လမြိုင်က ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မောင်ကောင်းဦးဟန် (အဖ)ဦးတင်စိုးလှိုင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အလုံကပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မောင်ခွန်မျိုးထက် (အဖ) ဦးသန်းညွန့် မှတ်တိုင် အခြေခံပညာအထက်တန်းကျောင်း ပေါင်းတည်က ပထမ၊ သမိုင်းဘာသာရပ်တွင် မောင်အောင်မြင့်ထွန်း(အဖ)ဦးဝင်းလှိုင် ဟိုင်းကြီးအခြေခံ ပညာ အထက်တန်းကျောင်း ငပုတောက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မောင်ဘုန်းမိုးမြင့်(အဖ)ဦးခိုင်ဝင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကမာရွတ်က ပထမ၊ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်တွင် မဟေမာဝင်း(အဖ)ဦးသန်းဦး ကျောင်းကုန်းမြို့နယ်က ပထမတို့ ဖြစ်ကြသည်။

မြန်မာစာထူးချွန်ဆု

ပခုက္ကူဦးအုံးဖေ မြန်မာစာ ထူးချွန်ဆုရရှိကြသည့် ၂၀၀၅ ခုနှစ်အတွက် တက္ကသိုလ်ကျောင်းသူများမှာ မသင်းသင်းဆွေ (အဖ)ဦးကျီးမောင် ရတနာပုံ တက္ကသိုလ်၊ မမိုးသီတာထွန်း (အဖ) ဦးအောင်ပွား ရွှေဘိုဒီဂရီကောလိပ်၊ မအာရုံဦး(အဖ)ဦးသန်းဝင်း ရတနာပုံ တက္ကသိုလ်၊ မသင်းမာစိုး (အဖ)ဦးဘိုလင်း မုံရွာတက္ကသိုလ်တို့ ဖြစ်ကြသည်။

ဆက်သွယ်သတင်းပို့

ပခုက္ကူဦးအုံးဖေ ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်း ခံရသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၅၅၄၃၁၄ သို့ အမြန်ဆက်သွယ် သတင်းပို့ရန်ဖြစ်ပြီး ဆုရရှိသူများအား မတ် ၁၇ ရက် (စနေနေ့)တွင် ပခုက္ကူမြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနား၌ တစ်ပေါင်းတည်း ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

27-2 (05) 1 3/25/1905, 12:19 AM

နွေစပါးအပါအဝင် ဆောင်းသီးနှံစိုက်ပျိုးရေး၌ရရှိသည့် သဘာဝရေချိုကို အကျိုးရှိစွာအသုံးချ ရခိုင်ပြည်နယ်၌ တစ်မြို့နယ် နွေစပါးဧက ၁၀၀ ကို ချောင်းပိတ်မြောင်းပိတ်နည်းဖြင့် စိုက်နိုင်ရေးကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဘူးသီးတောင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီတွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု (မြို့သူကြီးအနောက်ကွင်း)ရှိ လယ်မြေ၌ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

တင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မောင်တောခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးသာထွန်းအေးက နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပန်းတိုင်အထွက်နှုန်းရရှိရေး

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ညှိနှိုင်းဆောင်ရွက်ပေးပြီး နွေစပါးအပါအဝင် ဆောင်းသီးနှံစိုက်ပျိုးရေးတွင် ရရှိသည့် သဘာဝရေချိုကို အကျိုးရှိစွာ အသုံးချရမည်ဖြစ်ကြောင်း၊ နွေရာသီ၌ ချောင်းပိတ် မြောင်းပိတ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ကြရန် ရခိုင်ပြည်နယ်ရှိ မြို့နယ်တိုင်းတွင် တစ်မြို့နယ်လျှင် နွေစပါးဧက ၁၀၀ ကို ချောင်းပိတ် မြောင်းပိတ်နည်းနှင့် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပြီး မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြို့သူကြီးကျေးရွာတွင် အမှတ် ၁၀၉/က ၌ ရတနာအောင်၊ သီးထပ်ရင် စသည့် နွေစပါး ၂၁ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဒေသဖွံ့ဖြိုးရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ မောင်တောမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မောင်တောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်မောင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာတို့ကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တိုးတက်စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး မိုးစပါး၊ နွေစပါး နှစ်စဉ်ဧက တိုးတက်စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးရေး၊ ဒေသဆီဖူလုံမှုရရှိနိုင်မည့် နှမ်းကို တိုးချဲ့စိုက်ရန်နှင့် နေကြာကို ပဲစိုက်ခင်းများတွင် သီးညှပ်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကို တစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မ စိုက်ပျိုးကြရန် လိုကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဖြင့်လုပ်ဆောင်

နှစ်ရှည်ရော်ဘာကို လျာထားချက်နှင့်အညီ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ မေယုတောင်တန်းကြီးကို ရော်ဘာတောင်တန်းအဖြစ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သတ်မှတ်ချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ ပုစွန်မွေးမြူရေးနှင့် အိမ်တိုင်းစေ့ ဒေသကြက်မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မောင်တောမြို့နယ်သည် နယ်စပ်ဒေသဖြစ်သည့်အားလျော်စွာ ဌာနဆိုင်ရာဝန်ထမ်းများသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်၏ စီမံကိန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

မောင်တောမြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် နွေစပါး ၅၀၁၂ ဧက၊ ငရုတ်ကောင်းဧက ၁၈၀၊ ရော်ဘာ ၆၇၂ ဧကနှင့် ခြံစည်းရိုးကြက်ဆူ ၂၁၃၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်းက ရုံးသစ်အဆောက်အအုံဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မောင်တောပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးရုံတွင် ဆေးကုသမှုခံယူနေကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်၍ အားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် အလယ်သံကျော် တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံ၏ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ လူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကာ အားပေးစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ မောင်တောမြို့နယ်ရှိ အောင်သာယာစံပြကျေးရွာသို့ ရောက်ရှိကြရာ စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်က ကျေးရွာနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းပေး

ထို့နောက် စံပြကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဦးနေဝင်းက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြ ဆွေးနွေးချက်များအပေါ် ညှိနှိုင်းပေးပြီး ကျေးရွာတွင် စပါးစိုက်ပျိုးရေး တိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ရော်ဘာကိုလည်း ဧက ၁၀၀ စိုက်ပျိုးရန်နှင့် အခြားစီးပွားရေးလုပ်ငန်းများပါ ပူးတွဲလုပ်ဆောင်ကြရန် မှာကြားပြီး အောင်သာယာစံပြကျေးရွာနေ ပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**

ထောက်ပံ့ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ အောင်သာယာစံပြကျေးရွာ ပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

ဖေဖော်ဝါရီ ၂၂ ရက်က ဂျကာတာမှ ပန်ဂါကျွန်းသို့အသွား အင်ဒိုနီးရှား ခရီးသည်တင် သင်္ဘောတစ်စင်းပေါ်တွင် မီးလောင်မှုဖြစ်ပွားရာ လူ ဒါဇင်များစွာ ပျောက်ဆုံးနေကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံတော်ဘဏ်က ရှပီး ၁၀၀၀ တန်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ထုတ်ဝေလိုက်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်၌ ဖော်ပြသည်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် ခုနစ်ရက်တာ နှစ်သစ်ကူးပွဲတော်ကာလအတွင်း မီးပန်းများပစ်ဖောက်ရာမှ အပျက်အစီးအပိုင်းအစများ စုဆောင်းရာ တန်ချိန် ၂၆၀၀ ကို သန့်ရှင်းရေးအလုပ်သမားများက စုဆောင်းနိုင်ခဲ့သည်ဟု ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်သတင်းအဖြစ်ဖော်ပြသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျင်းဟိုင်းပြည်နယ်၌ လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ ခန့်က စာမျက်နှာ ၈၆၇ မျက်နှာပါရှိသော ရှေးအကျဆုံးဖြစ်သည့် ကိုရမ်ကျမ်းစာ လက်ရေးစာမူများကို တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မလေးရှားနိုင်ငံတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မော်တော်ဆိုင်ကယ်အထူးလမ်းများ ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

တောင်ပစိဖိတ်ဒေသသည် အဝလွန်သူ အများဆုံးဒေသဖြစ်လာကြောင်း၊ ယင်းဒေသရှိ နာရူနိုင်ငံငယ်လေးသည် အဝလွန်သူ အများဆုံးဖြစ်ကြောင်း၊ အရွယ်ရောက်သူ ၉၄ ရာခိုင်နှုန်းတို့သည် အဝလွန်သူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်ကို ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်သတင်း၌ တွေ့ရသည်။ *(ကိုးကား-အင်တာနက်)*

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၇
(အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည့် တရားတော် (အပိုင်း-၃) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) ဆရာတော်]
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	Sunday Talk
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	"ချစ်စရာ့အဖော်" Hamster
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	Music Gallery (ပန်းအိဖြူ-အညာသူလေးရဲ့ ပန်းစကား)
၁၀:၀၅	ဆီးချို၊ သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံအကြောင်း အပိုင်း(၂) (ဒေါက်တာသန်းသန်းအေး)
၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	သုံးဆယ်ရေလှောင်တမံ
၁၀:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ရန်ကျော်နှင့် မေခလာ)
၁၁:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၀	မှတ်သားလေ့လာပြတိုက် ခင်းကျင်းမှုပညာ
၁၂:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅	လင်းလက်တောက်ပ သင်္ဘောဆေးအလှ
၁၂:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅	၂၀၀၄ ခုနှစ်၏ အကောင်းဆုံးအသံတည်းဖြတ်ဆုရ 'ဦးအေးမြင့်'နှင့်တွေ့ဆုံခြင်း
၁၂:၄၀	ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၈	Reading-Man Utd:	5-Sports(Live)

လှိုင်သာယာ-တွံတေးနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ် လမ်းဖောက်မှုစစ်ဆေး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လုပ်ငန်းများပြီးစီးရေး ညွှန်ကြားချက်များပေး ပြည်တွင်းဖြစ်စပါးနှင့် သီးနှံစုံ အခြောက်ခံစက်ဖြင့် အခြောက်ခံနေမှု ကြည့်ရှု ရန်ကုန်မြို့ မိုင်၃၀ ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးလုပ်ငန်း စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ လှိုင်သာယာ-တွံတေး ကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ်ဆက်သွယ်သည့် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ သန်လျင်မြို့နယ် ညောင်သုံးပင်ရွာ ဦးမောင်စံ၏ လယ်အနီး စပါး အခြောက်ခံစက်လည်ပတ်မှုနှင့် ဒိုချက်ကင်း သဘာဝမြေသြဇာပြုလုပ် အသုံးချမှု၊ ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေ ရရှိနိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ လိုက်ပါလျက် နံနက် ၆ နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အတွင်း ဖောက်လုပ်လျက်ရှိသော လှိုင်သာယာ-တွံတေးကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ် ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ရှင်းလင်းဆောင်၌ တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆန်းက လှိုင်သာယာ-တွံတေးကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ် ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စက်ယန္တရား ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို လည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက မြေသားလမ်းဖောက်လုပ်ပြီးစီးရေး ကူညီပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မိုးရာသီမရောက်မီ လုပ်ငန်းများ ပြီးစီးရေး ဆောင်ရွက်နိုင်ရန် အတွက် ညွှန်ကြားချက်များပေးပြီးလိုအပ်သည်များ မှာကြားသည်။

ပိုလီရှိုက်(စ်)ကုမ္ပဏီက ထုတ်လုပ်သည့် စပါးနှင့် သီးနှံစုံ အခြောက်ခံစက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် မြေသားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ လှိုင်သာယာ-တွံတေး ကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ် ဆက်သွယ်သည့် လမ်းသည် အရှည် ၁၄၇၅၆ ပေ မိုင်အားဖြင့် ၂ မိုင် ၆ ဖာလုံရှိပြီး အောက်ခြေအကျယ် ပေ ၃၀၊ လမ်းမျက်နှာပြင် အကျယ် ၁၈ ပေနှင့် အမြင့် ၄ ပေ ရှိသည်။ လမ်းတွင် ပေ ၉၀ အကျယ် တံတားတစ်စင်း ပါဝင်သည်။ ယခုအခါ လမ်းမျက်နှာပြင် ချောခြင်းလုပ်ငန်း အရှည်ပေ ၅၁၀၀ နှင့် မြေဖို့ခြင်း လုပ်ငန်း ၁၃၀၀၄ ကျင်း အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့သည် သန်လျင်မြို့နယ် ညောင်သုံးပင်ရွာ ဦးမောင်စံ၏ လယ်အနီး၌ ပြည်တွင်းဖြစ် စပါးနှင့် သီးနှံစုံ အခြောက်ခံစက် (Biomass Grain Dryer) လက်တွေ့လည်ပတ် သရုပ်ပြသမှုနေရာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပိုလီရှိုက်(စ်)ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဟန်က စပါးနှင့်သီးနှံစုံ အခြောက်ခံစက်ကို ပြည်တွင်း၌ အောင်မြင်စွာ တပ်ဆင် ထုတ်လုပ်စမ်းသပ်လည်ပတ်မှု၊ စက်၏ ဒီဇိုင်း၊ လှုပ်ရှားမှုနှင့် လည်ပတ်နှုန်း၊ နိုင်ငံတကာအဆင့်မီ စက်အမျိုးအစား ဖြစ်ပြီး အရေးကြီးသော စက်အစိတ် အပိုင်းအားလုံးကို Stainless Steel များဖြင့် တည်ဆောက်ထားမှု၊ စပါးစေ့များ၏ ပွတ်ရှမှုဒဏ်ကို ကောင်းမွန်စွာ ခံနိုင်မှု၊ စက်သက်တမ်း ကြာရှည်စွာ အသုံးပြုနိုင်မှု၊ နှစ်၃၀ အထိ အသုံးပြုနိုင်မှု၊ သီးနှံစုံ အခြောက်ခံစက်ကို အသုံးပြု၍ အခြောက်ခံနိုင်သော စပါးသီးနှံအပြင် ပြောင်း၊ ဂျုံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံများ ဖြစ်ကြောင်း၊ အလုပ်ချိန် တစ်ဆိုင်းလျှင် စပါးတင် ၆၀၀(၁၄ တန်ခန့်)၊ ပဲ(၁၄ တန်)၊ ပြောင်း (၁၅တန်ခန့်) ထည့်သွင်း အခြောက်ခံနိုင်ပြီး သီးနှံ၏စိုထိုင်းဆ ပေါ်မူတည်၍ ၃ နာရီမှ ၈ နာရီအထိ အချိန်ကြာမြင့်နိုင်ကြောင်းဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက ဖြည့်စွက် ရှင်းလင်း ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စပါးနှင့်သီးနှံစုံ အခြောက်ခံ စက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ညွှန်ကြားချက်များပေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပိုလီရှိုက်(စ်)ကုမ္ပဏီက ထုတ်လုပ်သည့် ပြည်တွင်းဖြစ် စပါးနှင့် သီးနှံစုံ အခြောက်ခံစက်ဖြင့် စပါးများ အခြောက်ခံနေမှုကို ကြည့်ရှုလေ့လာကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်မြို့နယ် ညောင်သုံးပင်ရွာတွင် ပိုလီရှိုက်(စ်)ကုမ္ပဏီက ထုတ်လုပ်သည့် စပါးနှင့် သီးနှံစုံ အခြောက်ခံစက်မှ ထွက်ရှိလာသည့် သီးနှံများကို စိုထိုင်းဆ တိုင်းကိရိယာဖြင့် စမ်းသပ်တိုင်းထွာမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ သည် ၈ လက်မ အနိမ့်တင်ရေတင် စက်ဖြင့် နွေစပါးစိုက်ခင်းအတွင်း ရေတင်နေမှုကို လှည့်လည်ကြည့်ရှုစစ် ဆေးရာ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးလွင်က လိုက်လံရှင်းလင်း ပြသသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ သည် ဒိုချက်ကင်း(ဝါးရုံမြေ) သစ်ရွက် ဆွေး သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန် ရှိသူများအား သီးနှံ အထွက်တိုးရန် မျိုးအထွက်တိုးရန် မျိုးကောင်းမျိုးသန့် နည်းပညာနှင့် မြေသြဇာ အဓိကကျ ကြောင်းနှင့်လိုအပ်သည်များကိုဖြည့်ဆည်း မှာကြားသည်။

စိုက်ပျိုးရေရရှိရေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ သည် ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး လုပ်ငန်း(စိုက်ပျိုးရေရရှိရေးလုပ်ငန်း) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိ ကြရာ ဆည်မြောင်းဦးစီးဌာန တည် ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှဘော်က စိုက်ပျိုးရေ ရရှိရေး နှစ်အလိုက် ဆောင်ရွက်ပြီးစီးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေ များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အပြည့်အဝစိုက်ပျိုး

ဆက်လက်၍ ရန်ကုန်မြို့ မိုင် (၃၀)ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်း စိုပြည်ရေးလုပ်ငန်း စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးကိုယ်စားမြန်မာ့နှစ်ရှည်ပင် လုပ်ငန်းအထွေထွေမန်နေဂျာဦးမြင့်ဦးက စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင် ရွက်ထားမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ် လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သနပ်ပင်မြို့အနီး ပဲခူး-စစ်တောင်း တူးမြောင်းပေါ်ရှိ ပုဂံ-ညောင်ပင် ရေလွှဲ ပေါက်မှ ခရမ်းချောင်းအထိ တူးဖော် သည့် ရေသွယ်မြောင်း လုပ်ငန်းကို စီမံကိန်းတစ်ခုလုံး ပြီးစီးမှ စိုက်ပျိုးရေ ပေးဝေခြင်း မပြုလုပ်ဘဲ ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် (အရှေ့ခြမ်း)ဒေသ တွင် နွေစပါးအပါအဝင် သီးထပ်သီးနှံ များ ရနိုင်သလောက် စိုက်ပျိုးနိုင်ရန် အတွက် ယင်းရေသွယ်မြောင်း ပြီးစီး သည့်အပေါ် မူတည်ပြီး ရေလွှတ်ပေးနိုင် သည့်နေရာများတွင် အပြည့်အဝ အပိုင်း လိုက် ရေလွှတ်ပေးရန်နှင့် စိုက်ပျိုးနိုင် သည့်နေရာတွင် အပြည့်အဝ စိုက်ပျိုး သွားရန် မှာကြားသည်။

(သတင်းစဉ်)

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း တရားသူကြီးများ၏ အစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေသည် ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ တရားရုံးချုပ်(နေပြည်တော်)တွင် ကျင်းပခဲ့သော တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်းတရားသူကြီးများ၏(၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်း တရားရုံးချုပ် ဓမ္မာရုံ၌ ရန်ကုန်တိုင်းအတွင်းရှိ တရားရုံး အဆင့်ဆင့်မှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တရားသူကြီးများအား ထပ်ဆင့်ရှင်းလင်းသည်။

ထပ်ဆင့်ရှင်းလင်း

ထပ်ဆင့်ရှင်းလင်းပွဲတွင် တိုင်း တရားသူကြီးဦးအောင်ငွေက အစည်း အဝေးကြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ အမှာစကားများကိုလည်းကောင်း၊ တရားသူကြီးချုပ်နှင့် ဒုတိယတရား သူကြီးချုပ်များ၏ အမှာစကားများ၊ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းဆိုင်ရာ မှာကြားချက်များကို လည်းကောင်း၊ ရန်ကုန်တိုင်း တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေး အခြေအနေများကို လည်းကောင်း ထပ်ဆင့်ရှင်းလင်း သည်။ **(အပေါ်ဝဲပုံ)**

အလေးထားဆောင်ရွက်

ထို့ပြင် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ အား လာဘ်ပေးလာဘ်ယူ ကင်းရှင်း ရေး၊ အမှုများကို တရားဥပဒေနှင့် အညီ စီရင်ဆုံးဖြတ်ရေး၊ အများပြည် သူ ကို တရားစီရင်ရေးဖြင့် အကျိုးပြု ရေးတို့ကိုလည်း အလေးထားဆောင် ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

(က-ပ)

၂၀၀၆– ၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း (Yadagon Taung Golf Resort)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို Tracer Ball ရိုက်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဖွင့်လှစ်

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က Tracer Ballများ ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ (၁၈)ကျင်းကို စတင်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲများကို ရပ်နားလိုက်သည်။

၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီး ရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဆက်လက်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ပွဲစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင်ကြရာ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

ထို့နောက် ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၆ နာရီတွင် ရေတံခွန်တောင် ဂေါက်ကွင်း၌ကျင်းပ ရာ ဆုချီးမြှင့်ပွဲမစတင်မီ တေးသံရှင်များက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆုများပေးအပ်

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးငွေသန်းက ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် တတိယဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်း၊ ပထမဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးသိန်းနိုင်က အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်အသင်း၊ ဒုတိယဆုရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်း၊ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်း တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ငွေစိုးက တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှဝင်းက (Most Par/ Most Birdie/Most Eagle) ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တစ်ဦးချင်း

ယင်းနောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က နေ့အလိုက် တစ်ဦးချင်း အကောင်းဆုံး (အကျောပေး)ဆုရရှိသူများ၊ နေ့အလိုက် တစ်ဦးချင်း အကောင်းဆုံး(အကျောမဲ့) ဆုရရှိသူများအား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နေ့အလိုက် Longest Drive ဆုရရှိသူများ၊ နေ့အလိုက် Nearest Pin ဆုရရှိသူများနှင့် တစ်ဦးချင်း (အကျောပေး) အကြိုးစားဆုံးဆု၊ တစ်ဦးချင်း (အကျောမဲ့) အကြိုးစားဆုံးဆုနှင့် အသင်းလိုက်(အကျောပေး) အကြိုးစားဆုံး ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အသင်းလိုက်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီး ရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောပေး) ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)အသင်းနှင့် အသင်း လိုက် (အကျောမဲ့)ပြိုင်ပွဲတွင် သုံးနှစ် ဆက်တိုက် တံခွန်စိုက်ဆုရ ကာကွယ် ရေးဦးစီးချုပ်ရုံး (ရေ)အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလားကြီးများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိကြသူများအား ဆုများ ကို ပေးအပ်ချီးမြှင့်ကြပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဖလား ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်း နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းတို့မှ အားကစားသမားများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ် မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီး ရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၆၃၄ ချက် ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၆၈၇ ချက်ဖြင့် တြိဂံဒေသတိုင်းစစ်ဌာန ချုပ်အသင်းက ဒုတိယ၊ စုစုပေါင်း ရိုက်ချက် ၆၉၃ ချက်ဖြင့် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်အသင်းက တတိယ ရရှိကြပြီး အသင်းလိုက် (အကျောပေး) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၅၁၇ ချက် ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၅၄၁ ချက်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၅၅၃ ချက်ဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်အသင်းက တတိယရရှိကြသည်။

တစ်ဦးချင်း(အကျောပေး)

တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲ တွင် စုစုပေါင်းရိုက်ချက် ၁၂၁ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးတင်မောင်ဦးက ပထမ၊ စုစု ပေါင်းရိုက်ချက် ၁၂၅ ချက်ဖြင့် ရန်ကုန် တိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီး စိုးဟိန်းစိုးက ဒုတိယ၊ စုစုပေါင်းရိုက် ချက် ၁၂၈ ချက်ဖြင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီး အောင်နိုင်ဝင်းက တတိယရရှိကြသည်။

တစ်ဦးချင်း (အကျောမဲ့) ပြိုင်ပွဲ တွင် စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်ကြီးဇော်မင်းက ပထမ၊ စုစုပေါင်း ရိုက်ချက် ၁၅၃ ချက်ဖြင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ရေ)အသင်းမှ ဗိုလ်မှူး မောင်မောင်မြင့်က ဒုတိယ၊ စုစုပေါင်း ရိုက်ချက် ၁၅၅ ချက်ဖြင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)အသင်းမှ ဒုတိယ ဗိုလ်မှူးကြီးဇော်မင်းက တတိယရရှိကြ ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက် ပြိုင်ပွဲ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇–၂–၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ ဖြူးချောင်းတံတား
၈:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒအထူးပြု) [ဒဿနိကဗေဒ]
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၀ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၂၀ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** (လူကူးမျဉ်းကျားမှကူးမယ်)
၁၇:၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀ ၁၂။ ရှုဖွယ်စုံညီ မြန်မာပြည် (အပိုင်း–၂)
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း–၂၀)[ဇာတ်သိမ်းပိုင်း]
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း–၂၈)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

■ ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

(သတင်းစဉ်)

* ကျောဖုံးမှ

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညနေ ၆နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ညစာ သုံးဆောင် အပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ်တို့သည် အမှတ်တရလက်ဆောင် ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုပန်းခြင်း ပေးအပ်

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ်သည် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

(သတင်းစဉ်)

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး လိုအပ်သည်များဖြည့်ဆည်းပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီက နေပြည်တော် အမှတ် (၇) တည်းခိုရေးစခန်းရှိ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များနှင့် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် ဒုတိယအကြိမ်ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်၍ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရန်လိုကြောင်း၊ စစ်ရေးပြစစ်ကြောင်းများ၏ ကျန်းမာရေး၊ စားသောက်ရေးတို့တွင် အစစအရာရာ အဆင်ပြေစေရန် ယခုကတည်းက စနစ်တကျဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ကော်မတီများက မိမိတို့ကော်မတီနှင့် လုပ်ငန်းအဖွဲ့အလိုက် လိုအပ်ချက်ကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကလည်း လုပ်ငန်းလိုအပ်ချက်များ ရှိလာပါက မိမိတို့ဦးစီးကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန်လိုကြောင်း၊ ယခုနှစ် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အချိန်ယူ၍ လေ့ကျင့်မည်ဖြစ်သဖြင့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စနစ်တကျဖြစ်စေရန် လိုအပ်ကြောင်းဖြင့် ပဏာမ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက်၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က စစ်ရေးပြစစ်ကြောင်းများ ရောက်ရှိတည်းခို နေထိုင်မှုအခြေအနေ၊ လုံခြုံရေး၊ ကျန်းမာရေးကိစ္စများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ တည်းခိုရေးစခန်းများအတွင်း ပန်းအလှပင်နှင့် နှစ်ရှည်အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီစဉ်ဆောင်ရွက်ထား

ဆက်လက်၍ တက်ရောက်လာကြသော လုပ်ငန်းအဖွဲ့များနှင့် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက စစ်ရေးပြလုပ်ငန်းများ အခြေအနေ၊ အကောင်းဆုံး စစ်ရေးပြတပ်ခွဲရွေးချယ်ဆုချီးမြှင့်ရေး၊ တပ်မတော်နေ့ညစာစားပွဲ ဧည့်ခံကျွေးမွေးရေး၊ မုခ်ဦးတည်ဆောက်ရေး၊ နေရာချထားရေး၊ စစ်ရေးပြကွင်းပြင်ဆင်ရေး၊ တပ်မတော်နေ့ စစ်ရေးပြလမ်းတစ်လျှောက် စာတန်းများ၊ ဆောင်ပုဒ်များချိတ်ဆွဲရေး၊ စစ်ကြောင်းများ သက်သာချောင်ချိရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ မှတ်တမ်းစာအုပ် ပြုစုထုတ်ဝေရေး၊ ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေး၊ လုံခြုံရေးကိစ္စများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာနိုအယ်လ်ကလော်ဒီရို ကယ်ဘရီရာအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီ ဖြစ်သည်။

မစ္စတာ နိုအယ်လ်ကလော်ဒီရို ကယ်ဘရီရာသည် ၁၉၄၅ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် မွေးဖွားသည်။ ၎င်းသည် ဖိလစ်ပိုင်တက္ကသိုလ်မှ လူထုဆက်ဆံရေး ဝိဇ္ဇာဘွဲ့ကို ၁၉၆၉ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၆၈ခုနှစ်တွင် သတင်းရေးသူအဖြစ် မနီလာတိုင်းမ်ရေဒီယို၌ တာဝန်ထမ်းဆောင်ခဲ့ပြီး သဘာဝအရင်းအမြစ် ဝန်ကြီးဌာနရှိ ပြန်ကြားရေးဌာနခွဲ၏ အုပ်ချုပ်ရေးမှူးအဖြစ် ၁၉၇၄မှ ၁၉၇၆ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၆မှ ၁၉၉၈ခုနှစ်အထိ ဖိလစ်ပိုင်နိုင်ငံရှိ သတင်းဌာန အများအပြားတွင် ရာထူးတာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ မှ ၂၀၀၁ ခုနှစ်အထိ မာလာကညန်သမ္မတနန်းတော်၌ လက်ထောက်ပြန်ကြားရေးအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁-၂၀၀၂ခုနှစ်အထိ မာလာကညန်သမ္မတနန်းတော် ပြန်ကြားရေးရုံး၌ ပြန်ကြားရေးအတွင်းဝန်အဖြစ်လည်းကောင်း၊ သမ္မတရုံးရှိ အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၂မှ ၂၀၀၃ခုနှစ်အထိ ကိုကိုးလိုက်ဖ်ခေါ် ဖိလစ်ပိုင်အာမခံလုပ်ငန်းကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ခုနှစ်မှစ၍ ယခုအချိန်အထိ ရိုမေးနီးယားဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးအဖြစ်ဖြင့် ဘူလ်ဂေးရီးယားနှင့် မိုလ်ဒိုဗာနိုင်ငံများကိုပါ ပူးတွဲတာဝန်ယူ၍ ထမ်းဆောင်လျက်ရှိသည်။

မစ္စတာနိုအယ်လ်ကလော်ဒီရို ကယ်ဘရီရာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးလေးဦး ရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

အမျိုးသားညီလာခံ ကျင်းပပြီးစီးပါက အမျိုးသားညီလာခံမှ ညှိနှိုင်းချမှတ်ပေးထားသည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြု ပြဋ္ဌာန်းမည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ စစ်မှန်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ လွှတ်တော်အဆင့်ဆင့်ဖွဲ့စည်းပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်သွားမည်ဖြစ်ကြောင်းကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် ကမ္ဘာသိ ချမှတ်ကြေညာပြီး ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ မြန်မာနိုင်ငံ၏ အဆိုပါ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ ဖော်ဆောင်နိုင်လျက်ရှိရာ အပြီးတိုင် အောင်မြင်ပြီးမြောက်သွားမည်ကို စိုးရွံ့သော၊ မလိုလားသော ပြည်တွင်းပြည်ပအဖျက်သမားများက ထိုလုပ်ငန်းစဉ်များ ပျက်ပြားသွားစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ၏ အရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်အရေးယူဆောင်ရွက်ရေးအတွက် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီ၌ တင်သွင်းခဲ့သည်။ သို့သော် ၎င်းတို့၏ အဆိုပြုတင်ပြချက်မှာ ဗီတိုအာဏာဖြင့် ပယ်ချခြင်းခံခဲ့ရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းခဲ့သော မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းပါ ၎င်းတို့၏အဓိကလိုလားချက်ကိုကြည့်ပါက ပြည်တွင်းမှ NLD ပါတီနှင့်လည်းကောင်း၊ လက်ကျန်တောတွင်းလက်နက်ကိုင် သောင်းကျန်းသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးရေးကိုသာ အလေးထားတောင်းဆိုထားကြောင်း တွေ့ရှိရသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ ၎င်းတောင်းဆိုချက်ပါ ဆုံးဖြတ်ချက်မူကြမ်းကို ပြည်တွင်းမှ NLD ပါတီနှင့် အပေါင်းပါများ၊ လက်ကျန်တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များနှင့် ပြည်ပြေးအဖွဲ့များက ဝမ်းသာအားရကြိုဆိုထောက်ခံခဲ့ကြသည်။ ထို့ပြင် ၎င်းတို့၏ဆုံးဖြတ်ချက်မူကြမ်း ဗီတိုအာဏာဖြင့်ပယ်ချခံခဲ့ရပြီးသည့်နောက်ပိုင်း တစ်လျှောက်လုံး၌လည်း လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်မူကြမ်း ထပ်မံတင်သွင်းရေးနှင့် ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေးတို့ကိုသာ ဆုပ်ကိုင်တောင်းဆိုပြီး အချိန်ကိုက်ဆန့်ကျင် လှုပ်ရှားမှုများ ဆက်စပ်ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယင်းသို့ အချိန်ကိုက်လှုပ်ရှားမှုများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန်အတွက် ဘာသာရေးဖိနှိပ်မှု၊ တိုင်းရင်းသူများအပေါ် မတရားပြုကျင့်မှု၊ ကလေးစစ်သားအသုံးပြုမှုစသည်များ ပြုလုပ်နေသည်ဟူသည့် လုပ်ကြံစွပ်စွဲမှုများဖြင့်လည်းကောင်း၊ ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားမှုများနှင့်ဆက်စပ်၍ ပြည်တွင်းသို့ အကြမ်းဖက်အဖျက်အမှောင့်သမားများစေလွှတ်ပြီး ဖောက်ခွဲဖျက်ဆီးမှု၊ သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း ပေါင်းစပ်လုပ်ဆောင်နေကြောင်း သတင်းများဖော်ထုတ်ရရှိသဖြင့် ကြိုတင်သိရှိသတိပြုနိုင်ကြစေရန် ထုတ်ပြန်ဖော်ပြပေးလျက်လည်းရှိသည်။

ယခု ထပ်မံဖော်ထုတ်ရရှိသောသတင်းများအရ ပြည်ပြေးများ၊ ဆန့်ကျင်ဘက်အဖွဲ့များနှင့် လက်ကျန်တောတွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ ပူးပေါင်းဖွဲ့စည်းထားသည့် မဟာဗျူဟာညှိနှိုင်းရေးကော်မတီ (Strategic Consultant Committe–SCC)၏ အစည်းအဝေးတစ်ရပ်ကို တစ်ဖက်နိုင်ငံ မဲဆောက်မြို့မြောက်ဘက် မဲလမတ်မြို့နယ် အပန်းဖြေစခန်းတစ်ခုတွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးသို့ NCGUB၊ NCUB၊ တိုင်းရင်းသားလူမျိုးများကောင်စီဆိုသည့် ENC ၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုဆိုသည့် FDB၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်ဆိုသည့် WLB၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်ဆိုသည့် SYCBနှင့် လက်ကျန်တောတွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များမှ လူ ၇၀ ခန့်တက်ရောက်ခဲ့ကြကြောင်း၊ မူလတက်ရောက်ရန် အစီအစဉ်ရှိသည့် ပြည်တွင်းလူငယ်နှစ်ဦးမှအပ ကျန်အဖွဲ့များအားလုံး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါအစည်းအဝေးတွင် KNU ဗဟိုမှ ပဒိုဘသင်၊ တာမလာဘောနှင့် ပဒိုမန်းရှာ၊ MPUမှ ပီတာလင်းပင်၊ NLD(LA) မှ ဦးတင်အောင်နှင့် ဒေါ်စန်းစန်း၊ PPLO မှ ခွန်ဥက္ကာ၊ KNPPမှ ခုထဲဘူးဖဲ၊ ရှမ်းအဖွဲ့တစ်ဖွဲ့မှ ဆဆိုင်းစစ်တို့က အလှည့်ကျသဘာပတိများအဖြစ်လည်းကောင်း၊ NCGUBမှ ဒေါက်တာဆန်းဝင်း၊ KNPP မှ ရီမွန်ထူး၊ MPUမှ ဦးသိန်းဦး၊ ABSDF မှ မျိုးဝင်းနှင့် မိဆူးပွင့်၊ DPNSမှ အောင်မိုးဇော်တို့က အခမ်းအနားမှူးများအဖြစ်လည်းကောင်း၊ ဟန်ညောင်ရွှေ၊ နွယ်အောင်(ဂျာမနီ)နှင့် ဒေါက်တာမင်းညို(ဂျပန်)တို့က ပြည်ပမှအထူးဖိတ်ကြားထားသူများအဖြစ်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

အစည်းအဝေးအစီအစဉ်အရ မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံနှင့် နိုင်ငံရေးလမ်းပြမြေပုံ အချက်(၇)ချက်တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းပယ်ချခံရခြင်းနှင့် ပတ်သက်၍လည်းကောင်း (NCGUB)မှ ဒေါက်တာသောင်းထွန်း၊ ဘိုလှတင့်နှင့် (NCUB) မှ ပြည်သစ်ညွန့်ဝေ(ခေါ်)မောင်မောင်တို့က ဦးဆောင်၍ ဆွေးနွေးကြကြောင်း သိရှိရသည်။

အဆိုပါ ပြည်တွင်းပြည်ပအဖျက်သမားများ ပူးပေါင်းဖွဲ့စည်းထားသော SCC အစည်းအဝေးက မြန်မာနိုင်ငံ၏ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားစေရန်အတွက် ဆန့်ကျင်နှောင့်ယှက်ဖျက်ဆီးရန် အောက်ပါအဖျက်လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်းလည်း သိရှိရသည်။ ၎င်းတို့မှာ–

- နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည် ၎င်းတို့၏ တွေ့ဆုံဆွေးနွေးရေးတောင်းဆိုချက်များအား ပိတ်ဆို့တားဆီးလျက်ရှိသဖြင့် အဆင့်တိုင်းတွင် နှောင့်ယှက်ဖျက်ဆီးသွားရန်၊
- ၎င်းတို့အဖွဲ့များအကြား၌ လမ်းပြမြေပုံ (Road Map) ရှိသင့်သဖြင့် ၎င်းကိစ္စကို NCUB ၊ NCGUB နှင့် ENC တို့ ညှိနှိုင်းအဖြေရှာရေးဆွဲသွားရန်၊
- ကုလသမဂ္ဂလုံခြုံရေးကောင်စီ Agenda တွင် မြန်မာ့အရေး ဆက်လက်ပါဝင်အောင် ကြိုးပမ်းသွားရန်နှင့် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ထပ်မံကြိုးပမ်းသွားရန်၊
- အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ် (International Court of Justice) တွင် မြန်မာနိုင်ငံအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊
- ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အား နေရာတိုင်း အဆင့်တိုင်းတွင် အသေဆုပ်ကိုင်ဆောင်ရွက်သွားရန်

စသည်တို့ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ၎င်းအစည်းအဝေးနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်း၌ VOA က SCC ၏ ပြောခွင့်ရ ဆိုသူ KNU နိုင်ငံရေးသမား ပဒိုမန်းရှာနှင့် ဆက်သွယ်မေးမြန်းရာတွင် ပဒိုမန်းရှာက ယနေ့အမျိုးသားညီလာခံက ချမှတ်ထားသည့်အခြေခံမူများဖြင့် ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လက်မခံနိုင်ကြောင်း၊ ဒီမိုကရက်တစ် ဖက်ဒရယ်မူကို သွားသည့် အခြေခံဥပဒေရေးဆွဲရန်အတွက် ၁၉၉၄ ခုနှစ်ကတည်းက စလုပ်လာကြောင်း၊ ယခု မူကြမ်းအဆင့်ရေးဆွဲလျက်ရှိကြောင်း ပြောကြားသွားသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့်စပ်လျဉ်း၍ အများပြည်သူများအတွင်း ဝေဖန်သုံးသပ်ပြောကြားလျက်ရှိရာ–

ပဒိုမန်းရှာ ပြောကြားသွားသော ဒီမိုကရက်တစ်ဖက်ဒရယ်မူကိုသွားသည့် အခြေခံဥပဒေဆိုသည်မှာ ၁၉၄၇ ခုနှစ်က KNU ဗဟိုက ဦးဆောင်ကျင်းပခဲ့သည့် မဲသရောထ ကြေညာချက်ပါ ပြည်နယ်ရှစ်ပြည်နယ်အခြေခံထားသည့် ဖက်ဒရယ်မူပင်ဖြစ်ကြောင်း၊ ၎င်းမဲသရောထ ကြေညာချက်ပါ ဖက်ဒရယ်မူတွင် ပြည်ထောင်စုကိုပြိုကွဲစေနိုင်သည့် မျိုးစေ့များ အများအပြား ပါဝင်လျက်ရှိကြောင်း။

၎င်းမဲသရောထကြေညာချက်ကို ဒေါ်စုကြည်နှင့် NLD က ထောက်ခံထားသည်ကို တွေ့ရှိရကြောင်း။

ယခုအခါ ပြည်တွင်းပြည်ပအဖျက်သမားများသည် အမျိုးသားညီလာခံပျက်ပြားရေးနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ ရပ်ဆိုင်းသွားရေးအတွက် အချိန်ကိုက် ဟန်ချက်ညီ ပူးပေါင်းလှုပ်ရှားမှုများ ပြုလုပ်လျက်ရှိရာတွင် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကိုလည်း ထပ်မံပြုလုပ်လာကြောင်း။

ပြည်တွင်း၌ နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ပြီး ဆူပူအုံကြွမှုများဖြစ်ပွားအောင် အချိန်ကိုက်လုပ်ဆောင်လာခြင်း သတင်းမြင်ကွင်းများကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နောက်ပိုင်းတွင် ဆက်တိုက်တွေ့မြင် ကြားသိနေရကြောင်း။

ထိုမျှမက ယခု SCC အစည်းအဝေးက ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပျက်စီးစေရန်အထိ ရည်ရွယ်ချက်ရှိရှိဖြင့် ကြံစည်လုပ်ဆောင်လာသည်ကို တွေ့ရှိရကြောင်း။

သက်ဆိုင်ရာက ပြည်တွင်းပြည်ပအဖျက်သမားများ၏ မသမာသော အကြံအစည်နှင့် လုပ်ရပ်များကို အချိန်မီစုံစမ်းရယူဖော်ထုတ်ပြီး အများပြည်သူများ နိုင်ငံရေးအသိနှင့် လုံခြုံရေးသတိ ပိုမိုထားရှိနိုင်ကြစေရန် ထုတ်ပြန်အသိပေးနေမှုကို မိမိတို့ အမှုမဲ့ အမှတ်မဲ့ မနေသင့်တော့ကြောင်း။

မစားရသည့်အမဲ သဲနှင့်ပက်ဆိုသကဲ့သို့ ပြည်ပအားကိုးဖြင့် မလျော့စတမ်း လုပ်ကြံကျူးလွန်လာမည့် ဘေးအန္တရာယ်အသွယ်သွယ်ကို နိုင်ငံတော်၏ လုံခြုံရေးအစီအမံများနှင့်အညီ ကာကွယ်တားဆီးတိုက်ဖျက်ရေးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်ပြောကြားနေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီဖူးမြော်၊ ကျောက်မျက်ပြတိုက်ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောအလည်အပတ်ခရီးအဖြစ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဟိုတယ်သို့ ထွက်ခွာသွားကြသည်။

ကျောက်မျက်ရတနာပြတိုက်လေ့လာ

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့် အဖွဲ့သည် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရွှေတိဂုံစေတီဖူးမြော်

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ရှန်းကျောက်လွင်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့် အဖွဲ့သည် ဧည့်ခံတန်ဆောင်းရှိ ရွှေတိဂုံပုံတူ ရွှေစေတီအား ကြည်ညိုကြပြီး ဂေါပကအဖွဲ့ဝင် ဦးဘရွှေက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကပ်လှူပူဇော်

ယင်းနောက် နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ဧည့်ခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် အမွှေးနံ့သာတိုင်များဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်

ထို့နောက် နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံ၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ကြီ ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည်ညို

ယင်းနောက် နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကြည်ညိုပြီး သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဒါကာ၌ ၁၁ ထပ်အဆောက်အအုံမီးလောင် လူအများအပြား မီးဝိုင်းပိတ်မိနေခဲ့

ဒါကာ ဖေဖော်ဝါရီ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာ၌ ပစ္စည်းမျိုးစုံရောင်းချသော အထပ် ၁၁ ထပ်ရှိ ကုန်ပဒေသာ စတိုးဆိုင်ကြီးတစ်ဆိုင်တွင် ဖေဖော်ဝါရီ ၂၆ ရက် ဂရင်းနစ်စံတော်ချိန် ၁၁ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ လူအများအပြား ယင်းအဆောက်အအုံအတွင်း မီးဝိုင်းပိတ်မိနေကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါအဆောက်အအုံကြီးတွင် လူပေါင်း ၂၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယင်းမီးလောင်မှုကြောင့် အနည်းဆုံးလူနှစ်ဦး သေဆုံးလိမ့်မည်ဟု ခန့်မှန်းရကြောင်း၊ အသက်ရှင် ကျန်ရှိသူများကိုလည်း အဆောက်အအုံ၏ ခေါင်မိုးထိပ်မှ ရဟတ်ယာဉ်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ရန်ကုန်မြို့ လမ်းမတော် မြို့နယ် ၁၃ လမ်း၊ အမှတ် ၆၆ နေ အဘွား ဒေါ်အမာ၊ အမေ ဒေါ်ကျင်အေး၊ သားသမီး မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်ငါးသိန်းကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်(၂၀၀၇)အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၇) အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆုပေးအပ်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ၂၀၀၆ ခုနှစ်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှု ပထမဆုရရှိသည့် တိုက်ကြီးမြို့နယ်၊ ဒုတိယဆုရရှိသည့် ရွှေပြည်သာမြို့နယ်နှင့် တတိယဆုရရှိသည့် ခရမ်းမြို့နယ်တို့အတွက် ဆုများကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့အားလည်းကောင်း၊ ယင်လုံအိမ်သာမရှိသော ချို့တဲ့သည့် မိသားစုများအား ယင်လုံအိမ်သာ ဆောက်လုပ်ပေးနိုင်ရန် အတွက် ခရိုင်တစ်ခုလျှင် မတည်ငွေ ကျပ် ၁၀သိန်းနှင့် ယင်လုံအိမ်သာ သုံးခွက် ၁၀၀စီကို ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံသို့လည်းကောင်း ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုနှင့် ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ဆောင်ပုဒ်ဖြစ်သော "တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့" ဆောင်ပုဒ်နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပတ်ဝန်းကျင် သန့်ရှင်းရေးပညာပေး ဇာတ်လမ်းကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ရေသန့်စင်စက်ရုံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)ရေသန့်စင်စက်ရုံသို့ ရောက်ရှိပြီး ကော်မတီဝင် ဦးကျော်စိုးနှင့် စီမံကိန်းတာဝန်ရှိသူများက ရန်ကုန်မြို့တော်သို့ ဒုတိယအဆင့် နေ့စဉ် ရေဂါလန် ၄၅သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရေးအတွက် ရေစစ်ကန် နှစ်ကန်နှင့် အနည်ထိုင်ကန် ခြောက်ကန် တည်ဆောက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ အနည်စုအဖွဲ့ ကန်ခြောက်ကန် ပြုလုပ်ရန် ကွန်ကရစ်ပိုင်တိုင်များ စိုက်ထူထားရှိမှုကိုလည်းကောင်း လိုက်လံရှင်းလင်း ပြသကြရာ မြို့တော်ဝန်က မြို့တော်နေပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေပေးဝေနိုင်ရန် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်၍ စေတနာထား ကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)ရေသန့်စင်စက်ရုံ အပါအဝင် ဂျိုးဖြူ၊ လှော်ကား၊ ဖူးကြီးနှင့် စက်ရေတွင်း ရေပေးဝေရေး လုပ်ငန်းတို့မှ ရန်ကုန်မြို့တော်သို့ ယခုအခါ နေ့စဉ် ရေဂါလန်သန်း ၁၄၀ပေးဝေလျက်ရှိပြီး ငမိုးရိပ် ရေသန့်စင်စက်ရုံမှ ပထမအဆင့်အနေဖြင့် နေ့စဉ် ရေဂါလန်၄၅သန်း ပေးဝေလျက်ရှိရာ ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက နေ့စဉ် ရေဂါလန် ၄၅သန်း ထပ်မံဖြည့်တင်း ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လသာမြို့နယ်နေ ဦးစန်းကြည်-ဒေါ်မူမူသန့် မိသားစု (ပတ်ကားစိန်ရွှေရတနာဆိုင်)မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ညောင်လေးပင်-ရန်ကုန်ခရီးစဉ် ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် ခရီးစဉ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၄ရက် နံနက် ၆နာရီခွဲက ညောင်လေးပင်မြို့ ဆည်မြောင်းဦးစီးဌာနရိပ်သာရှေ့၌ ကျင်းပရာ ညောင်လေးပင်မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်းက သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကို တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် ညောင်လေးပင်မြို့မှ ပြွန်တန်ဆာ၊ ဒိုက်ဦး၊ ပဲခူး၊ လှည်းကူးမြို့တို့ကို ဖြတ်သန်းစီးနင်း၍ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြို့ဝင်ကြေးဂိတ်အနီးသို့ နံနက် ၁၀နာရီခန့်တွင် ရောက်ရှိ ပန်းဝင်ကြသည်။

ညောင်းလေးပင်-ရန်ကုန်ခရီးစဉ်အတွက် ဆုပေးပွဲကို နံနက်၁၁နာရီတွင် ထောက်ကြန့် မြို့ဝင်ကြေးဂိတ်အနီးရှိ ကြိုဆိုရေးမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်သူက တတိယရရှိသော ထွန်းထွန်း (Maxxis)အား ငွေကျပ်တစ်သောင်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်ဝင်းက ဒုတိယရရှိသော အောင်မျိုးနိုင် (Maxxis)အား ငွေကျပ် နှစ်သောင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမရရှိသော သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)အား ငွေကျပ် သုံးသောင်းနှင့် အဝါရောင်အင်္ကျီတို့ကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီနာယက ဒေါ်နီက ပထမဆုငွေကျပ် သုံးသောင်း၊ ဒုတိယဆုငွေ ကျပ်နှစ်သောင်း၊ တတိယဆုငွေ ကျပ်တစ်သောင်း ထပ်ဆင့်ဂုဏ်ပြုငွေ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာတော်ပြန်ပွဲကျင်းပ

မကွေးတိုင်း ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ သာသနာ့ပါလကျောင်းတိုက်တွင် (၂၅)ကြိမ်မြောက် ယောရွှေကျင်ဝိနယာဓိက စာတော်ပြန်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပရာ ဆရာတော်ကြီးများ၏ ဩဝါဒအကျဉ်းကို သံဃာတော် ၁၃ပါးက ဖတ်ကြားခဲ့ကြပြီး စာတော်ပြန်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်မှ ၂၄ရက်အထိကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဗုဒ္ဓပူဇနီယပွဲတော်နှင့် တရားပွဲကျင်းပမည်

အင်းစိန်တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက် ဓမ္မဘုမ္မိ အောင်သိဒ္ဓိအေးစေတီတော်မြတ်ကြီး၏ (၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲကို ဝါခင်းတောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကြီးမှူး၍ ဖေဖော်ဝါရီ၂၅ရက် (တနင်္ဂနွေနေ့) ည ၇နာရီက မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယကသာသနာ တက္ကသီလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒက နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြီး ဖေဖော်ဝါရီ ၂၆ရက် (တနင်္လာနေ့) နံနက်၉နာရီက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ပင့်သံဃာအရှင်မြတ်တို့အား သင်္ကန်းစသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်ပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရာသီပန်းများ စိုက်ပျိုး

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ခေတ်မီဖွံ့ဖြိုး သန့်ရှင်းသပ်ရပ်လှပရေးအတွက် မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းအမှတ် ၃၅မှ အမှတ်၄၅ အထိ ပန်းပေါင်များတွင် မြေယာရှုခင်း အလှဆင်ခြင်းနှင့် ရာသီပန်းများ စိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ ဇန်နဝါရီ ၁၉ရက်က ဆောင်ရွက်ခဲ့ကြသည်။

စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်မြို့ဗဟန်းမြို့နယ်ကိုယ့်မင်းကိုယ့်ချင်းလမ်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ဗုဒ္ဓမြတ်စွယ်တော် အပါအဝင် ဗုဒ္ဓစေတီလေးဆူ ကိန်းဝပ်စံပယ်တော်မူသော စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပမည်ဖြစ်ရာ မတ်၂ရက် နံနက်၅နာရီတွင် အရဟံသစ်သီးဆွမ်းကပ်လှူပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မည်ဖြစ်သည်။ အထူးတရားပွဲများကို ဖေဖော်ဝါရီ ၂၈ရက်တွင် တိပိဋကဓရ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ မတ် ၁ရက်တွင် ဓမ္မဒူတ ဆရာတော်ဘဒ္ဒန္တ ဆေကိန္ဒ၊ မတ် ၂ရက်တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မတ် ၃ ရက်တွင် သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၊ မတ် ၄ရက်တွင် မေတ္တာအေး ဆရာတော် ဘဒ္ဒန္တ သုဇာတတို့က ညစဉ် ၇နာရီမှ စတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျောက်တန်းမြို့နယ်အသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ မတ်၁၀ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ အသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရသူများ မတ်၂ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဒေါက်တာ ဦးစိုးတင် ဖုန်း-၆၀၀၁၅၄နှင့် အတွင်းရေးမှူး ဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉ တို့သို့ စာရင်းပေးဆက်သွယ်နိုင်ကြောင်း သိရသည်။

စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရွှေချောင်းကျေးရွာ ရွှေပါရမီစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၃ရက်က အဆောက်အအုံသစ်နေရာ၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်း၊ အဖွဲ့ဝင်ဒုတိယရဲမှူး ဝင်းမြင့်ထူး၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးတင်ဝင်းသိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အဆောက်အအုံအတွက် ပန္နက်တင်ပေးခဲ့ကြသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စု ရွှေရန်ပြေ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးခွန်စိန်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

မြက်ခင်းအလှပြုပြင်မှုစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပြည်ထောင်စုလမ်းမအနီး မြို့နယ်ပြည်ထောင်စုခန်းမရှေ့၌ မြက်ခင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၅ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူးဦးသန်းလှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျပန်းစကားပြောပြိုင်

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့တွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ဟိုပုံးမြို့နယ်ခန်းမ၌ ကျင်းပရာ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အလှူငွေနှင့်စာအုပ်များ လှူဒါန်း

မွန်ပြည်နယ် မုဒုံမြို့နယ် တာပသွန်ကျေးရွာတွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တက်နေဝန်းစာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရန် အလှူငွေနှင့်စာအုပ်၊ စာစောင်များလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာပြည်နယ်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့က အမှာစကားပြောကြားကြပြီး ကျေးရွာမီးလင်းရေးကော်မတီက အလှူငွေ ၁၅သိန်း၊ စေတနာရှင်များက အလှူငွေ နှစ်သိန်း စုစုပေါင်း ၁၇သိန်းနှင့် အလှူရှင်များက စာအုပ်၊ စာစောင်များကို လှူဒါန်းခဲ့ကြသည်။

ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က ဆေးရုံများရှိ လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၂၀ရက်က ချင်းပြည်နယ် ဖလမ်းမြို့ သဇင်ဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ သန်းဦးနှင့် ပါမောက္ခဒေါက်တာထွန်းရီတို့က ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဒေါက်တာသန်းဦးက ဆေးနှင့် ဆေးပစ္စည်းများကိုပေးအပ်ရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်သော်က လက်ခံရယူခဲ့သည်။

မီးဘေးကာကွယ်ရေး ကဝ၌ ဟောပြော

ပဲခူးတိုင်း ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သက္ကလ ဈေးကြီးအတွင်း ဖေဖော်ဝါရီ ၁၅ရက်က ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ သက္ကလကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမီးသတ်တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက ဈေးဆိုင်ခန်းများကို စစ်ဆေးကြပြီး ဈေးသူဈေးသားများအား မီးဘေးကာကွယ်ရေးအတွက် ဟောပြောခဲ့ကြောင်း သိရသည်။

လူတို့တွင် အဖြစ်အများဆုံးနှင့် ဒုက္ခအပေးဆုံးရောဂါမှာ အရိုးပွရောဂါဖြစ် လူသိနည်းပြီး အဖြစ်အများဆုံးရောဂါဖြစ်သဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်လို

ရောဂါဖြစ်ပွားပါက စနစ်တကျ ဆေးကုသမှုခံယူ

စာတွေ့မေးမြန်းတင်ပြသူ–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

"အရိုး အဆစ်နဲ့ ပတ်သက်တဲ့ရောဂါ အကြောင်း ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိစေချင်လို့ပါ"

ပါမောက္ခ ဒေါက်တာ ချစ်စိုး

ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

၂၀၀၀ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း အရိုးအဆစ် ဆယ်စုနှစ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားရာ ယင်းအရိုးအဆစ် ရောဂါများနှင့်ပတ်သက်၍ အသိပညာပေးရေးဆိုင်ရာ ကျန်းမာရေး ဆွေးနွေးပွဲ တစ်ရပ်ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လမ်း ၃၀(အထက်) လမ်း၃၀ ဆေးခန်း အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ တက်ရောက်လေ့လာခွင့် ရရှိခဲ့သည်။

ထို့အတူ အရိုးအဆစ်ရောဂါများတွင် ပါဝင်သော အရိုးပွရောဂါ အကြောင်းနှင့်ပတ်သက်၍လည်း ဟောပြောဆွေးနွေးသည့် အထွေထွေ ရောဂါအထူးကုနှင့် အရိုးအဆစ်ရောဂါအထူးကု သမားတော်ကြီး ပါမောက္ခ ဒေါက်တာချစ်စိုးနှင့်လည်း တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

ယခုကဲ့သို့ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ပါမောက္ခ ဒေါက်တာချစ်စိုးအား မေးမြန်းရာ–

"အခု ၂၀၀၇ ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရိုးအဆစ် ဆယ်စုနှစ်အတွင်းလည်း ဖြစ်တယ်။ ပြည်သူတွေ အနေနဲ့ အရိုးအဆစ်နဲ့ပတ်သက်တဲ့ ရောဂါတွေအကြောင်းကို သိစေချင်တာရယ်ကြောင့် အခုလို ဆွေးနွေးပွဲလေး ပြုလုပ်ဖြစ်တာပါ"

ဟု ပါမောက္ခ ဒေါက်တာချစ်စိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မှန်ပေသည်။ ပြည်သူများအနေဖြင့် အရိုးအဆစ်နှင့် ပတ်သက်သော ကျန်းမာရေးအသိ ဗဟုသုတများများရရှိရန် လိုအပ်လျက်ရှိရာ ကောင်းမွန်သော ရည်ရွယ်ချက်ပင် ဖြစ်သည်။ ထို့အပြင် အရိုးအဆစ်ရောဂါများနှင့် ပတ်သက်၍လည်း–

"လေးဖက်နာရောဂါ၊ အရိုးပွရောဂါ၊ အရိုးကြီးပေါင်းတက်ရောဂါ၊ ခါးနာရောဂါနဲ့ အရိုးအဆစ် ထိခိုက်ဒဏ်ရာရမှု ရောဂါတွေဆိုပြီး ငါးမျိုးရှိတယ်။ အဲဒီရောဂါငါးမျိုးမှာမှ အရိုးပွရောဂါဟာ ဆယ်စုနှစ်အတွင်းမှာ အဆိုးရွားဆုံး ရောဂါဆိုးကြီးဖြစ်လို့ အခုလို အရိုးပွရောဂါအကြောင်းကို ဆွေးနွေးဖြစ်တာပါ"

ဟု ပါမောက္ခ ဒေါက်တာချစ်စိုးက ပြောကြားသည်။

အဖြစ်အများဆုံး

လူတို့တွင် အဖြစ်အများဆုံးရောဂါမှာ အရိုးပွရောဂါဖြစ်ပြီး ဒုက္ခအပေးဆုံး ရောဂါလည်း ဖြစ်သည်။ ထို့အပြင် လူ ၁၀၀ လျှင် ၅၀ မှာ အရိုးပွရောဂါ ခံစားရသူများ ဖြစ်နိုင်ကြောင်းလည်း သိရသည်။ ထို့ကြောင့် လူသိနည်းပြီး အဖြစ်အများဆုံးရောဂါ ဖြစ်သဖြင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုအပ်ပေသည်။

ချက်ချင်းဖြစ်

"လူတွေမှာ ဖြစ်တတ်တဲ့ အရိုးရောဂါများတွင် သာမန်အရိုးကျိုးရောဂါနှင့် အသက်အရွယ်အလိုက် ဖြစ်ပေါ်တတ်သော အရိုးပွရောဂါဟူ၍ရှိရာ သာမန် အရိုးကျိုးရောဂါမှာ ကားတိုက်မှုဖြစ်ခြင်း၊ သစ်ပင်အမြင့်များမှ လိမ့်ကျခြင်းစသည့် ထိခိုက်မှုများကြောင့် ဖြစ်ပွားတတ်ပြီး အရိုးပွရောဂါမှာ ချက်ချင်းဖြစ်ပြီး အရိုးကျိုးခြင်းမျိုး မဟုတ်ကြောင်း"

ပါမောက္ခ ဒေါက်တာချစ်စိုးက ပြောကြားသည်။

"အရိုးပွခြင်းမှာ ငယ်စဉ်ကတည်းကပင် အားကစားမလုပ်ခဲ့ခြင်း၊ အရက်သောက်ခြင်း၊ ထုံးဓာတ်နည်းသော အစားအစာများစားမှုများပြားခဲ့ခြင်းတို့ကြောင့် အသက်အရွယ်ရလာသည့်အခါ အရိုးပွမှု ဖြစ်ပေါ်လာပြီး လေ့ကားတစ်ထစ်ခန့်က ချော်ကျတာနှင့်ပင် အရိုးကျိုးမှု ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း၊ အရိုးပွခြင်းမှာလည်း တစ်ကိုယ်လုံး အရိုးများ ပွခြင်းဖြစ်ရာ အရိုးကျိုးမှုဖြစ်ပွားလျှင် အရိုးဆက်ကာဆက်ကာ ကျိုးတတ်မှုများ ဖြစ်ပေါ်တတ်ကြောင်း"

လည်း ပါမောက္ခ ဒေါက်တာချစ်စိုးက ပြောကြားသည်။

ရှင်းပြ

ဆွေးနွေးပွဲတွင်လည်း အသက် ၆၅ နှစ်ကျော်လျှင် အရိုးပွမှု ရှိ၊ မရှိ တိုင်းကြည့် သင့်ကြောင်း၊ အများအားဖြင့် ၆၅နှစ်ကျော်လျှင် အရိုးပွရောဂါ ဖြစ်ပေါ်တတ်၍ ဖြစ်ကြောင်း၊ အသက် ၄၅ နှစ် မတိုင်မီ သွေးဆုံးခဲ့သည့် အမျိုးသမီးများ အသက် ၅၀ ပြည့်လျှင် အရိုးပွခြင်း ရှိ၊ မရှိ တိုင်းကြည့် စစ်ဆေးသင့်ကြောင်း၊ ထို့အတူ မိသားစုအတွင်း၌ အရိုးပွရောဂါကြောင့် အရိုးကျိုးမှုဖြစ်ပွားခဲ့လျှင် အသက်၄၀ ကျော်သူများ အရိုးပွရောဂါ တိုင်းကြည့်ရမည် ဖြစ်ကြောင်း၊ ထိုသူများသည် အချိန်စောပြီး အရိုးပွရောဂါ ဖြစ်ပွားတတ်ကြကြောင်း ပါမောက္ခ ဒေါက်တာချစ်စိုးက ဆွေးနွေးပွဲ တက်ရောက်လာသူများအား ရှင်းပြသည်။

အနေအထား

ထို့အပြင် အရိုးပွ၊ မပွ သိရှိရန် Bone Mass Density ဆိုသည့်စက်နှင့် တိုင်းတာ၍ရပြီး တိုင်းကြည့်သည့်အခါ ဂရပ်ဖစ်တစ်ခု ထွက်လာသည်။ အရိုးကောင်းလျှင် အစိမ်းရောင်အကွက်၌ပြပြီး အရိုးပါးသူ၊ အန္တရာယ် အဆင့်ရှိသူဖြစ်လျှင် အဝါရောင်အကွက်၌ပြကာ အရိုးပွပြီး အရိုးကျိုးခါနီး နေသည့် အနေအထားဖြစ်သော် အနီရောင်အကွက်၌ ပြမည်ဖြစ်ကြောင်း သိရသည်။ တစ်ဖန် စက်ဖြင့်တိုင်းကြည့်သည့်အခါ အရိုးသိပ်သည်းဆ အနုတ် ၂ ဒသမ ၅ အောက်ရောက်နေလျှင် အရိုးပွရောဂါရှိနေပြီ ဖြစ်ကြောင်း ဗဟုသုတအဖြစ် မှတ်သားရသည်။

ထိုသို့ အရိုးပွရောဂါဖြစ်ပြီး အရိုးမကျိုးအောင် ကာကွယ်ရာတွင် အရိုးမကျိုးရန် အကာအကွယ်ပေးသည့် ကိရိယာများ တပ်ဆင်ပေးထားရမည် ဖြစ်သည်။ ဥပမာ– မျက်စိမှုန်ပြီး ခလုတ်တိုက်လဲနိုင်သဖြင့် မျက်စိမှုန်လျှင် မျက်မှန်တပ်ပေးရမည်ဖြစ်ပြီး ကြမ်းခင်းကော်ဇောများ မကောင်း၍ ခလုတ်တိုက်ပြီး အရိုးကျိုးမှုမဖြစ်အောင် အခင်းအသစ်များ လဲပေးရမည် ဖြစ်သည်။

ကျန်းမာရေးနှင့်အသိ

အရိုးပွရောဂါကို ကုသရာတွင် အရိုးစားသည့် ကလာပ်စည်းများအား ဟန့်တားနိုင်သည့် ဆေးများကို နေ့စဉ်မှန်မှန် စားပေးရမည် ဖြစ်သည်။ အကောင်းဆုံးမှာ ကျောင်းနေအရွယ်ကတည်းကပင် ကျန်းမာရေး အသိပညာပေးမှုများ ပြုလုပ်ရန်ဖြစ်သည်။

အခွံမာအသီး

အရိုးအတွင်း၌ ထုံးဓာတ်များ ဖြည့်ပေးရမည်ဖြစ်ပြီး ထုံးဓာတ်ပါဝင်သည့် အခွံမာအသီးများဖြစ်သော သစ်တော်သီးကဲ့သို့ သစ်သီးများ စားပေးရမည် ဖြစ်သည်။ ထို့အပြင် အရိုးပါ ဝါးစား၍ရသော ငါးများကိုလည်း စားသုံးပေးရမည် ဖြစ်သည့်အပြင် နေရောင်ကိုလည်း အထိုက်အလျောက် ထိတွေ့ပေးရမည် ဖြစ်ကြောင်း၊ တစ်ဖန် ခန္ဓာကိုယ်အတွင်းမှ ထုံးဓာတ်များ ပြန်မထွက်အောင် ထိန်းသိမ်းသည့်အနေဖြင့် နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် အားကစားပြုလုပ်ပေးရမည် ဖြစ်သည်ဟုလည်း သိရသည်။

အရိုးကျိုးခဲ့လျှင်

အရိုးပွခြင်းကို သတိပြုနိုင်ရန်မှာ ပြင်ညီ၌ သွားလာရင် အမှတ်မထင် လဲမှု၊ လေ့ခါးတစ်ထစ်မှ ချော်ကျမှုတို့ကြောင့် အရိုးကျိုးခဲ့လျှင် အရိုးပွခြင်းကြောင့် ဖြစ်နိုင်ပြီး အရပ်အနည်းငယ် ပုသွားလျှင် အရိုးပွခြင်းကြောင့် ဖြစ်ကြောင်း ပါမောက္ခ ဒေါက်တာချစ်စိုးက ရှင်းပြသည်။

သို့ဖြစ်ရာ အသက်အရွယ်ရလာသည့်အခါ အရိုးပွရောဂါဖြစ်ပွားမှုမှ ရှောင်ရှားနိုင်ရန်၊ သတိပြု နေထိုင်စားသောက်တတ်ကြရန်နှင့် အရိုးပွရောဂါ ဖြစ်ပွားပါက စနစ်တကျ ဆေးကုသမှုခံယူကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက် ပါသည်။ ။ **(မြန်မာ့အလင်း)**

အရိုးအတွင်း၌ ထုံးဓာတ်များဖြည့်ပေးရမည်ဖြစ်ပြီး ထုံးဓာတ်ပါဝင်သည့် အခွံမာအသီးများဖြစ်သော သစ်တော်သီးကဲ့သို့ သစ်သီးများ စားပေးရမည်။ အရိုးပါ ဝါးစား၍ရသော ငါးများကိုလည်း စားသုံးပေးရမည်ဖြစ်သည့်အပြင် နေရောင်ကိုလည်း အထိုက်အလျောက် ထိတွေ့ပေးရမည်။ ခန္ဓာကိုယ်အတွင်းမှ ထုံးဓာတ်များ ပြန်မထွက်အောင် ထိန်းသိမ်းသည့်အနေဖြင့် နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် အားကစား ပြုလုပ်ပေးရမည်။

သဃ်န်းကျွန်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၃၈)၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်း အထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မဆွေမြတ်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းအေးက ဆုချီးမြှင့်စဉ်။ (က–ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့် စာကြည့်တိုက်၊နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က အမှတ် (၄၅)ရပ်ကွက်၊ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝဒေး စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်းမြင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ချိုအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

တန့်ယန်းမြို့ ဆင်များရှင်စေတီတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ တပ်ဦးကျောင်းတိုက် ဆင်များရှင် ကုန်းတော်တွင် တည်ရှိသော ဆင်များရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (တပေါင်းလပြည့်) မတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တန့်ယန်းမြို့နယ် သံဃမဟာနာယက ဆရာတော်များ၊ မြို့တွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ၊ ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ပါး ကြွရောက်အလှူခံကြမည်ဖြစ်ပြီး တပ်ဦးကျောင်းဆရာတော် ဦးစန္ဒိမာ၊ ဦးနန္ဒိယတို့ဦးဆောင်၍ ကျောင်းဂေါပကအဖွဲ့ဝင်များ၊ တပ်မိသားစုများ၊ မြို့မိမြို့ဖများနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန်

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခေမာလမ်း အမှတ်(၁၇)တွင် တည်ရှိသော မြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံများတို့သည် ကျွန်ုပ်အမှုသည် ဒေါ်တင်စံဝေ(ခ)ဒေါ်တင်တင်လှနှင့် ညီမဖြစ်သူ ဒေါ်မြမြချိုတို့ ထက်ဝက်စီ အမွေဆက်ခံရရှိသော ပစ္စည်းများဖြစ်ကြပါသည်။ ဒေါ်မြမြချိုသည် ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၂ရက်နေ့တွင် ကွယ်လွန်သွားသောအခါ ၎င်း၏ ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ဦးအောင်သန်းနှင့် မိသားစုတို့သည် ထိုဥပစာပေါ်တွင် နေထိုင်လျက်ရှိကြပါသည်။ အဆိုပါပစ္စည်းများကို ဒေါ်တင်စံဝေ(ခ) ဒေါ်တင်တင်လှ၏ သဘောတူညီချက်မရရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်းမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအုံးမောင်(အီးအက်(စ်)စီ၊ ဘီအယ်လ်)
တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
အမှတ်(၃)၊ မြေညီထပ်၊ ၃၄လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

အမည်ပြောင်း

အလက(၄)မကွေး၊ အဌမတန်း (A)မှ အဖ ဦးသိန်းဇော်၏ သမီး မယုသက်ဇော်အား မဖူးမြတ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဖူးမြတ်ခိုင်။

ဥ ယျမလ္လာဦးနန်းမြို့ပိုင် တံခွန်တိုင်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး

သီတင်းသုံးတော်မူခဲ့သည့် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ဖူးကြီးဒေသ၊ သံသုမာရကုန်းမြေပေါ်တွင် တည်ထားပူဇော်သည့်

ဥ ယျမလ္လာဦးနန်းမြို့ပိုင် တံခွန်တိုင်စေတီတော်ကြီး၏

ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်
အနေကဇာတင်ပူဇော်ပွဲမင်္ဂလာအခမ်းအနားကို
၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်
၁၁-၃-၂၀၀၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတိတိတွင်
စတင်ကျင်းပမည်ဖြစ်၍ ဝေနေယျအပေါင်းတို့အား
ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

စေတီတော်တည်ဆောက်ရေးအဖွဲ့

ဆက်သွယ်ရန်ဖုန်း-၀၁-၅၇၇၉၄၈၊ ၀၉-၅၁၁၃၃၅၈၊ ၀၉-၂၁၃၀၁၄၅။

ရှမ်းပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကမ္ဘောဇသာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးဆောင်၍ ရန်ကုန်ရောက် ရှမ်းပြည်နယ်သူသားများ စုပေါင်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇(၄-၁-၂၀၀၇)နေ့စွဲဖြင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းခံရသော ရှမ်းပြည်နယ်မှ သံဃာတော် ၁၉ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ် ၇၁ (က/ခ)ရှိကမ္ဘောဇသာသနာ့ဗိမာန်တွင် (၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၃ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ ပြည်နယ်သူပြည်နယ်သားများ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းလိုသူများ ဖုန်း- ၃၈၁၄၃၉၊ ဖုန်း-၂၂၇၃၅၈နှင့် ဖုန်း-၆၆၂၇၃၂တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် မီးသတ်စခန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ၂၂ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗဟိုမီးသတ်စခန်း၊ အမှတ်(၃) မီးသတ်စခန်းနှင့် အမှတ်(၁) မီးသတ်စခန်းများသို့ သွားရောက်၍ မီးသတ်တပ်ဖွဲ့ဝင်များ၏ အသင့်အနေအထား ဆောင်ရွက်မှုအခြေအနေ၊ မီးသတ်စက်ယာဉ်များ ကွဲခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ၂၃ရက် နံနက်ပိုင်းတွင် မြဝတီစစ်ကြောင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၏ အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကျန်းမာရေးဆိုင်ရာများ မှာကြားသည်။ နေ့လယ်ပိုင်းတွင် အသစ်တည်ဆောက်လျက်ရှိသော လယ်ဝေးမီးသတ်စခန်းနှင့် ပျဉ်းမနား မီးသတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Boss Ball Pen ကုန်ပစ္စည်း ကုန်သည်ကြီးများအား ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

Beauty World Stationery Co., Ltd (Boss Ball Pen) ၏ ၂၀၀၆ခုနှစ်အတွင်း ကုန်ပစ္စည်းအများဆုံး ဖြန့်ဖြူး ရောင်းချခဲ့သော ကုန်သည်ကြီးများအား ဆုချီးမြှင့်ပွဲနှင့်ကုန်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ Hotel Nikko Royal Lake တွင် ကျင်းပသည်။

ရှေးဦးစွာ Beauty World Stationery Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မန်နေးဂျင်းဒါရိုက်တာဦးမောင်တင်က ကုန်ပစ္စည်းထုတ်လုပ်ပုံ အဆင့်ဆင့်ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။ **(ဝဲအောက်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုရကုန်သည်ကြီးများအား သရုပ်ဆောင်ရဲလေး၊ ချစ်သုဝေ၊ သင်ဇာဝင့်ကျော်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ Beauty World Stationery Co., Ltd. (Boss Ball Pen) မှ Boss, Jumbo Reynolds, Smart GL, Boss 999, Smart Correction Pen, Oval Correction Pen စသည်တို့ကို ထုတ်လုပ်လျက်ရှိပြီး Boss Cheer, 799 Ball Pen, Glory GL, Boss Style GL များကို ဆက်လက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာဆီယံမူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်ရန် ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဖေဖော်ဝါရီ၂၈ရက်မှ မတ်၂ရက်အထိ ကျင်းပမည့် အာဆီယံမူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သည် ယနေ့ညပိုင်းတွင် ထိုင်းလေကြောင်းဖြင့် ထွက်ခွာသွားရာ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ၊ အမြဲရှိ

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြဝတီရုပ်မြင်သံကြား

၂၇-၂-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"** (အပိုင်း-၁၂)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** အပိုင်း(၉)

ဗဟန်းဘီအိုစီပိဋကတ်တိုက်ကျောင်း ကျောင်းဆောင်သစ်ပန္နက်တင်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်း ဘီအိုစီပိဋကတ်တိုက်ကျောင်းတိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ၁၁ ရက် နံနက် ၈နာရီ၁၀မိနစ်က အဆိုပါကျောင်းတိုက်ဝင်း သတ်မှတ်ထားသည့် မြေနေရာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့ မဟာဗောဓိမြိုင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမဟာသေန၊ မန္တလေးမြို့မဟာသန္တာရုံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ ကောဝိဒ၊ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် အမှုဆောင်များ၊ ကျောင်းဝေယျာဝစ္စအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီး မြတ်ထိုက်(ငြိမ်း)၊ ကျောင်းဆောက်လုပ်ရေးအဖွဲ့ခေါင်းဆောင် ဦးသန့်ဇင်(ရွှေကျားပျံ ဆောက်လုပ်ရေး) တို့က သတ်မှတ်ထားသည့်နေရာအလိုက် ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါတိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ နှစ်ထပ်၊ သံကူကွန်ကရစ် ဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း ၈၀၀ ခန့်ကုန်ကျမည်ဖြစ်ရာ လှူဒါန်းလိုသူစေတနာရှင်များသည် ဘီအိုစီပိဋကတ်တိုက်ကျောင်း ပဓာနနာယကဆရာတော်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၇၀၉၄၁၇ သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီးမြို့နယ်၌ တိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်ဖွင့် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

တောင်ကြီး ဖေဖော်ဝါရီ ၁၆

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရှုခင်းသာပန်းခြံအတွင်း တိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က တောင်ကြီးမြို့ ပြည်ထောင်စုလမ်းမကြီးဘေး ဥယျာဉ်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးသန်းထိုက်က ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့အဝင် ၁၂ ဒသမ ၄၆ ဧက အကျယ်အဝန်းရှိသည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း မြေနေရာတွင် ၁၉၉၀ပြည့်နှစ် ဇွန်လ ၁ ရက်က ရှုခင်းသာပန်းခြံကို ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းပန်းခြံကို တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၉ရက်က ကြည့်ရှုစစ်ဆေးခဲ့ပြီး ပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေး၊ ပြည်သူလူထု အပန်းဖြေနားနေနိုင်ရေး၊ တိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက် တည်ဆောက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားချက်နှင့်အညီ ရှုခင်းသာပန်းခြံ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်အတွင်း တိရစ္ဆာန်များထားသိုရန် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ယာဉ်သွားလမ်းများ ဖောက်လုပ်ခြင်းအတွက် စုစုပေါင်းငွေကျပ် ၃၈၆ ဒသမ ၁သိန်း ကုန်ကျခံကာ ပြည်သူတစ်ရပ်လုံး အပန်းဖြေ နားနေနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုဖွင့်လှစ်ခဲ့သော တောင်ကြီးတိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်အတွင်း၌ အလှမွေးငါးအမျိုးမျိုးနှင့် တိရစ္ဆာန် ၁၂ မျိုး၊ ကောင်ရေ ၄၅ ကောင်ဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရှုခင်းသာပန်းခြံ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်တို့ကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် ပြည်နယ်စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး၊ တောင်ကြီးတိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်အဝင် မုခ်ဦးကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး**(အပေါ်ပုံ)**က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဥယျာဉ်အတွင်းမွေးမြူထားသော တိရစ္ဆာန်များကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘီးလင်း၌ သာသနာ့ဗိမာန်တော်တည်ဆောက်၊ လှူဒါန်းလိုသူများ ဆက်သွယ်နိုင်

ဘီးလင်း ဖေဖော်ဝါရီ ၁၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်လျက်ရှိရာ **(အောက်ပုံ)** ပါဝင်လှူဒါန်းလိုသူများသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဘီးလင်းမြို့ ဖုန်း-၀၅၇-၆၄၀၃၂ နှင့် ဦးကြည်သွင် ဘိုးရာဇာရပ်ကွက် ဗိုလ်ချုပ်လမ်း ဘီးလင်းမြို့ ဖုန်း- ၀၅၇-၆၄၀၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှာငံ-ကျောက်ပုံ ကျေးလက်ကျောက်ချောလမ်းဖွင့်

ရှာငံ ဖေဖော်ဝါရီ ၁၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် ရှာငံ-ကျောက်ပုံ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အမှုဆောင်အရာရှိ ဦးစည်သူဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

စဉ့်ကူးမြို့ မြို့သစ်(၂)လမ်း ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

စဉ့်ကူး ဖေဖော်ဝါရီ ၁၈

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စဉ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော မြို့သစ်(၂)လမ်း ကတ္တရာလမ်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက အဆိုပါလမ်းထိပ်

မုခ်ဦး၌ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားတွင် စဉ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းနွယ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းက မြို့သစ်(၂)လမ်း ကတ္တရာလမ်းအကျယ် ၁၂ပေ၊ အရှည် ၄၂၅ပေကို အဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၁၂၅၅၀၀၀ဖြင့် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

အဆိုပါ မြို့သစ်(၂)လမ်းကတ္တရာလမ်းကို စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းနွယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၅ ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်ကြူကြူခင် (အင်ဂျင်နီယာ) နှင့် တာဝန်ရှိသူများ လှည်းကူးမြို့နယ်တွင် စည်ပင်သာယာရေး ဦးစီးဌာန ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် အုတ်ခုံခံ သစ်သား ကဒစ်ချောင်းကူး တံတား ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းကိုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်လတ်နှင့် အင်ဂျင်နီယာမှူး ဦးဘသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်း မြို့ဦးစေတီတော်ဌာပနာသွင်း အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့အရှေ့ဘက် မိတ္ထီလာမော်တော်ကားလမ်းအနီးတွင် ဉာဏ်တော် ၁၀၈ ပေအမြင့်ရှိသော စေတီတော်ကြီး တည်ဆောက်လျက်ရှိရာ မြို့ဦးစေတီတော်ကြီး၏ အောက်ခြေသတ္တဌာန မူလဌာပနာ တော်သွင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက်က ကျင်းပသည်။

ချီးမြှင့်တော်မူ

အခမ်းအနားတွင် ပုပ္ပားမြို့ မြင်းခြံကျောင်းတိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ ဆရာတော်ကြီးက ကိုးပါးသီလချီးမြှင့်တော်မူသည်။

ပူဇော်ထား

ဆက်လက်၍ ဘုရားဒါယကာများက သတ္တဌာနပဋိမာ ရုပ်ပွားတော် ခုနစ်ဆူနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြ၍ နံနက် ၉နာရီခွဲတွင် ရုပ်ပွားတော်များကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်အပူဇော်ခံပြီး ဌာပနာတော်တိုက်အတွင်းသို့ ထည့်သွင်းပူဇော်ထားကြသည်။

ထို့နောက် စေတီတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ ရန်ကုန်မြို့ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဇနီးဒေါ်ခင်ညွန့်မြင့် မိသားစုက အလှူငွေကျပ် ၁၀သိန်း၊ ရန်ကုန်မြို့ ဂရိတ်ဝေါ ဦးမောင်မောင် နှင့်ညီများက ငွေကျပ် ၁၀သိန်း၊ ရန်ကုန် ရွှေပြည်စံကုမ္ပဏီ သီဟသုဓမ္မ မဏိဇောတဓဇ ဦးအေးလွင်၊ ဇနီး သီရိသုဓမ္မ သီဂီ ဒေါ်ခင်လေးမိသားစုက ငွေကျပ် ၁၀သိန်း၊ ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)၊ ဇနီးဒေါ်စောသိန်းမိသားစုက ငွေကျပ် ငါးသိန်း၊ ဒုတိယဗိုလ်မှူးကြီးဌေးအောင်၊ ဇနီး ဒေါ်ကြွယ်ကြွယ်အောင် မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးမျိုးလွင်-ဒေါ်ဇင်ဇင်ဦး မိသားစုကငွေကျပ် ငါးသိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၂၃ သိန်းကို တာဝန်ရှိသူများက လက်ခံရယူပြီးလှူဒါန်းမှု အစုစုကို ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ဝ၆၁)**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ်၆၄ နေ ဒေါ်ရီရီမြင့် မွေးနေ့အလှူ ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အ တွက် အလှူငွေကျပ် တစ်သိန်းကို မိုးမိတ် အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မော်ကျွန်း ပရိယတ္တိသာသနာလင်္ကာရအသင်းကြီးမှူး သာမဏေကျော်ဘွဲ့လက်မှတ် ဆက်ကပ်ပူဇော်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသော (၁၇)ကြိမ်မြောက် သာမဏေကျော်ဘွဲ့လက်မှတ် ဆက်ကပ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲ ၂နာရီက မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံ စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တ ကောဝိဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့်မြို့နယ်သံဃနာယက ဆရာတော်များ၊စာအောင်သံဃာတော်များ ကြွရောက်တော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်မြို့နယ်အတွင်းရှိ အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ယင်းနောက် မော်လမြိုင်ကျွန်းမြို့ ရွှေပြည်တန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ(မဟာဂန္ထဝါစကပဏ္ဍိတ)က သြဝါဒမိန့်ကြားပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးဌေးအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ အသင်းနာယက ဦးကြီးရှိန်၊ အသင်းအတွင်းရေးမှူး ဦးခင်ဝင်းမောင်နှင့် အသင်းကော်မတီဝင် ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)တို့က သာမဏေကျော် အသင်းဖြစ်ပေါ်လာပုံနှင့် အသင်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်ကပ်

ထို့နောက် တတိယဆင့်အောင် သာမဏေကျော်ဘွဲ့ရ ၁၈ပါး၊ ဒုတိယဆင့်အောင် ၄၈ပါးနှင့် ပထမဆင့်အောင် ၁၅၃ပါးတို့အား စာအောင်ဆုအလှူရှင်များက ဘွဲ့လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။ **(ဝ၉၇)**

မြို့နယ် သတင်းများ

ကျိုက်ထိုမြို့ မြို့မဈေးအတွင်း မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်ဈေးသူဈေးသားများ ပူပေါင်း၍ ဖေဖော်ဝါရီ ၁၅ရက်က မီးဘေးကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ရာမြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးသက်အောင်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာပေဟောပြောပွဲ ပန်းတနော်၌ ကျင်းပ

ပန်းတနော် ဖေဖော်ဝါရီ ၂၅

ပန်းတနော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့က စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက် ည ၇နာရီက ပန်းရောခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမြဦးက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစစ်ယုန် (ပန်းတနော် နောင်လတ်)က ဖတ်ကြားသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ လယ်တွင်းသားစောချစ်၊ ဒါရိုက်တာ မောင်ယဉ်ကျော်နှင့်ဆရာမ မစန္ဒာတို့က သုတ၊ ရသ သိကောင်းစရာစာပေများကို ဟော ပြောကြသည်။

ဆက်လက်၍ မြို့နယ် အဆင့်ဝတ္ထုတို၊ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများကို အလှူရှင်များနှင့် တာဝန်ရှိသူများက ဆုပေး အပ်ချီးမြှင့်ကြသည်။(၃၂၇)

ပညာအုပ် ဦးမြထွန်း(ခ) ဆရာ ဦးဘသန်းနှင့် ဆရာမကြီး ဒေါ်မာကြည်တို့အားရည်စူး၍ အမှတ်၁၁၈(က)အိုအေစစ်လမ်း ရှစ်မိုင် မရမ်းကုန်းမြို့နယ်နေ သမီး ဆရာမ ဒေါ်ခင်လှသန်း၊ ဒေါ်ခင်သန်းအေး၊ ဒေါ်ခင်ရီမြင့်နှင့် သားဖိသုကာ ဦးသန်းတင်အောင်-ဒေါ်ယုယုဝေ၊ မြေး မောင်ကျော်သူရအောင်၊ မဇင်မာမြင့်အောင်တို့ ဆောက်လုပ်လှူဒါန်းသည့်အထက(၁)မုဒုံမြို့ ရှင်အရဟံစိန်ရတု စာကြည့်တိုက်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန် ပညာရေးဆိုင်ရာစာအုပ်များ၊ မဂ္ဂဇင်းများနှင့် ဘာသာရေးဆိုင်ရာ စာအုပ်များကို စာကြည့်တိုက် အဆောက်အအုံ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာကြီး ဦးမန်းမြခိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

နိုင်ငံပိုင် အလုပ်ရုံ၊စက်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော၊ မီးသတ်ဘူးကိုင်တွယ်အသုံးပြုနည်းပြသ

မန္တလေး ဖေဖော်ဝါရီ ၁၆

နိုင်ငံပိုင် အလုပ်ရုံ၊ စက်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်း စစ်ဆေးခြင်း၊ ပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်၊ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းထွန်းနှင့် မန္တလေးခရိုင်အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၉ ရက် နံနက်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံအမှတ်(၃) သို့ သွားရောက်စစ်ဆေးကြသည်။

ထို့နောက် စက်ရုံအတွင်းဘွိုင်လာအိုးလုပ်ငန်း၊ လျှပ်စစ်မီး သုံးစွဲသွယ်တန်းမှု၊ ဆပ်ပြာစက်ရုံ ထုတ်လုပ်နည်းအဆင့်ဆင့်၊ ဆပ်ပြာဂိုဒေါင်ရုံ အခြေအနေ၊အရေးပေါ်ဝင်ပေါက်ထွက်ပေါက်၊ မီးချိတ်မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူး ထားရှိမှုများ၊ စက်ရုံဝန်းကျင်သန့်ရှင်းသာယာရေးနှင့် လောင်စာအမိုက်သရိုက် ကင်းစင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းထွန်း၊ရပ်ကွက်အရန်မီးသတ်စခန်း ဒုတိယတပ်ခွဲမှူး ဦးဌေးမောင်၊ တပ်စုမှူးဦးသန်းနိုင်တို့က အပေါ့စားရေစုပ်စက်ဖြင့်မီးငြိမ်းသတ်နည်း၊မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့ပြသပြီး ဝန်ထမ်းများအား လက်တွေ့သရုပ်ပြသသည်။ **(၁၆၂)**

မိုင်းနောင်မြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့် ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေး စစ်ဆေးကုသပေး

မိုင်းနောင် ဖေဖော်ဝါရီ ၅

လွိုင်လင်ခရိုင် မိုင်းနောင်မြို့ လုံယန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက် ၁၁နာရီက အဆိုပါ အဆောက်အအုံသစ်၌ကျင်းပရာ အခမ်းအနားတွင်အုပ်ချုပ်ရေးမှူး ဦးခွန်သိန်းရွှေနှင့် မြို့နယ်ဆရာဝန် ဒေါက်တာငြိမ်းအေးထွန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး **(ဓါတ်ပုံ)** အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် ဒေါက်တာငြိမ်းအေးထွန်းက ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး ဒေသခံလားဟူ တိုင်းရင်းသား ဦးဘစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆေးကုသပေး

ဆက်လက်၍ မြို့နယ်ဆရာဝန်နှင့်အဖွဲ့သည် လုံယန်း ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျဉ်းမနား၌ တိုင်းရင်းဆေးပညာ သင်တန်းဆင်း

ပျဉ်းမနား ဖေဖော်ဝါရီ ၇

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ပျဉ်းမနားခရိုင် တိုင်းရင်းဆေးကုဌာနကကြီးမှူး၍ ဇန်နဝါရီ ၂၄ရက်မှ ဇန်နဝါရီ ၃၀ရက်အထိ ရက်သတ္တတစ်ပတ် ဖွင့်လှစ်ခဲ့သော အခြေခံတိုင်းရင်းဆေးပညာ သင်တန်း (၁/၂၀၀၇) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃၀ရက်က ပျဉ်းမနားမြို့ မြို့မဈေးကုန်းကျောင်းတိုက်တွင်ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဆွေတက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူ ၈၅ဦးတို့အား တာဝန်ရှိသူများနှင့် ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းဝင်းတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

(အပေါ်ပုံ) (ခရိုင်တိုင်းရင်းဆေး)

ရေပေးရေးလုပ်ငန်း မြဝတီမြို့၌ ဆောင်ရွက်

မြဝတီ ဖေဖော်ဝါရီ ၁၀

မြဝတီမြို့အမှတ်(၂)ရပ်ကွက် ကျွန်းတောကွက်သစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် မြို့ပြရေပေးရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ပြီးစီးသော အဝီစိတွင်း ရေကန်နှင့်ရေစက်ရုံများကို ဇန်နဝါရီ ၂၅ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆွေညွန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို လိုက်လံရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရား တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီး

တောင်ကြီးမြို့၏ ကျက်သရေဆောင်ဖြစ်သော "ရွှေဘုန်းပွင့်ဘုရားကြီး"၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၃ရက်မှ တပေါင်းလပြည့်ကျော်၃ရက် (၂၈-၂-၂၀၀၇ရက်မှ ၅-၃-၂၀၀၇ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ဘုရားပွဲတော်ရက်အတွင်း ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်၍ သံဃာတော်အရှင်သူမြတ်များကလည်း အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည် ဖြစ်ပါသည်။

တပေါင်းလပြည့်ကျော် ၃ရက် (၅-၃-၂၀၀၇ရက်) နံနက်တွင် အလှူဒါန အစုစုတို့အတွက် ရေစက်သွန်းချ ဆုတောင်းမေတ္တာပို့သသည့် အခမ်းအနားကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို သဒ္ဓါပွားများ လှူဒါန်းပူဇော်ကြပါရန် ရပ်ဝေးရပ်နီး ဓမ္မမိတ်ဆွေအပေါင်းအား အသိပေးကြေညာအပ်ပါသည်။

ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ
တောင်ကြီးမြို့။



ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

(1) Admin and Account — မ (၁)ဦး
တက္ကသိုလ်တစ်ခုခု၌ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
Bookeeping and Account နားလည်တတ်ကျွမ်းရမည်။

(2) Sales and Marketing Executive — ကျား (၆)ဦး
တက္ကသိုလ်တစ်ခုခု၌ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
Sales and Marketing နားလည်တတ်ကျွမ်းရမည်။
Customer နှင့် ပြေပြစ်စွာပြောဆိုဆက်ဆံနိုင်ရမည်။

အမှတ်စဉ်(၁)နှင့်(၂)အတွက်
အင်္ဂလိပ်စာအရေး၊ အပြော တတ်ကျွမ်းရမည်။
လုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
သင့်တော်သော လစာပေးမည်။

ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းလက်မှတ်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့်အတူ အောက်ပါလိပ်စာအတိုင်း ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

ရွှေပြာအေးကုမ္ပဏီလီမိတက်
အမှတ် ၇၄၊ မြေညီထပ်၊ လမ်းသစ်လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၇၇၃၉၊ ၂၂၅၂၇၈။

ဆဋ္ဌမအကြိမ်မြောက် ဧရာဝတီတိုင်းဆရာဝန်ညီလာခံ၊ MMA အစည်းအဝေးခန်းမဆောင်သစ်ဖွင့်ပွဲနှင့် ဆေး/ဆေးပစ္စည်းပြပွဲ

ပုသိမ်မြို့ ၂၀၀၇ ခုနှစ် မတ်လ ၂၂ ရက်မှ ၂၃ ရက်နေ့အထိ

မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ(ပုသိမ်)မှ ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် ဧရာဝတီတိုင်း ဆရာဝန်ညီလာခံနှင့် MMA အစည်းအဝေးခန်းမဆောင်သစ် ဖွင့်ပွဲနှင့် ဆေး/ဆေးပစ္စည်းပြပွဲကို ၂၀၀၇ ခုနှစ် မတ်လ ၂၂ရက်မှ ၂၃ရက်နေ့တွင် MMA အဆောက်အအုံသစ်၌ ကျင်းပပြုလုပ်ပါမည်။ နောက်ဆုံးပေါ် ဆေးကုသနည်းနှင့် သုတေသနစာတမ်းများကို ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများက ဟောပြောဆွေးနွေးကြပါမည်။ ဆရာဝန်များအားလုံး ကြွရောက်ဆွေးနွေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

စုံစမ်းရန်နှင့် မှတ်ပုံတင်ရန်
၁။ ဥက္ကဋ္ဌ-Dr.ကြည်ဖေ(အရိုးအထူးကု)ဖုန်း-၀၄၂-၂၄၂၈၂။
၂။ အတွင်းရေးမှူး-Dr.စိုးလင်း(အရိုးအထူးကု)ဖုန်း-၀၄၂-၂၅၂၃၅။

အိမ်ရောင်းမည် (တာချီလိတ်မြို့)

တာချီလိတ်မြို့ ဆန်ဆိုင်းအောက်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ရေ၊ မီး၊ ဖုန်းနှင့် လေအေးစက်များပါဝင်ပြီး အဆင့်မြင့်ပြင်ဆင်ထားသော သုံးထပ်တိုက်ရောင်းရန်ရှိပါသည်။

ဆက်သွယ်စုံစမ်းရန် (ရုံးချိန်အတွင်း) - ဖုန်း-၆၃၉၃၈၅၊
၀၉-၉၉-၂၂၃၆၂။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းနေ(ဦးလှအောင်)-ဒေါ်ခင်အိ မိသားစုတို့က ဦးလှအောင်နှင့် သား ဦးစိုးညွန့်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုတို့က အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဆံတော်ရှင် ဦးဇိနစေတီ ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး၏ စတုတ္ထ အကြိမ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မတ် ၁ ရက်မှ ၂ရက်အထိ ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း၊ မတ်၂ရက်တွင် သစ်သီးဆွမ်းကပ်လှူပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ညွန့် ဖုန်း-၀၅၇-၁၂၄၀၆၉၊ အတွင်းရေးမှူး ဦးလှတင် ဖုန်း-၀၅၇-၂၁၉၃၆၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးဝင်းယု ဖုန်း-၀၅၇-၂၁၇၀၃၊ ကော်မတီဝင် ဦးမောင်ငယ် (ကျော်အော့ဖ်ဆက်) ဖုန်း-၀၅၇-၂၁၇၆၁၊ ၀၉-၅၃၂၁၇၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တောင်သာမြို့ ဘူတာလမ်း အမှတ်(၅)ရပ်ကွက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ(၂၃၅) ဓမ္မရိပ်သာအတွက် ဓမ္မာရုံနှစ်ထပ်တိုက်ဝယ်ယူရန် ဖေဖော်ဝါရီ ၁ ရက်က ဖခင်ကြီး (ဦးငြိမ်းမောင်)၊ ညီမ (မစန်းစန်းမြင့်)တို့အား ရည်စူး၍ ဒေါ်ပု၊ သမီး မတင်တင်မြင့် အမှတ်(၆)ရပ်ကွက် တောင်သာမြို့က ငွေကျပ် ၂၅ သိန်းကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဇဋိလ ရှေ့မှောက်တွင် လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိန်မောင်က လက်ခံယူစဉ်။ (က-ပ)

လားရှိုး ဖေဖော်ဝါရီ ၂၄

လားရှိုးတက္ကသိုလ် အားကစားပြိုင်ပွဲ ကျင်းပ

လားရှိုးတက္ကသိုလ် အားကစားပြိုင်ပွဲကို ပြေးခုန်ပစ်အသင်းဥက္ကဋ္ဌ ဦးကျော်ထွန်း(ကထိကမြန်မာစာဌာန) ဦးဆောင်၍ ဖေဖော်ဝါရီ ၂၃ရက်က တက္ကသိုလ်အားကစားကွင်းတွင် ကျင်းပရာ ဆရာဆရာမများ၊ အမျိုးသမီးဝန်ထမ်း များ၊ အမျိုးသားဝန်ထမ်းများအပြင် အမျိုးသမီးတွဲဖက်ပါမောက္ခ ဆရာမကြီးများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲတွင် တံခွန်စိုက်ဆုကို ရက္ခဗေဒအသင်းက ရရှိပြီး သတ္တဗေဒ၊ ရူပဗေဒအသင်းများက ဒုတိယ၊ တတိယဆုများရရှိရာ တံခွန်စိုက်ဆုရ ရက္ခဗေဒအသင်းမှ ပါမောက္ခဌာနမှူးဒေါ်ဆွေမာတင်နှင့် အသင်းခေါင်းဆောင်တို့အား တာဝန်ခံပါမောက္ခချုပ်ဆရာကြီး ဦးဖေသောင်းက တံခွန်စိုက်ဒိုင်းဆုချီးမြှင့်သည်။

ခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌ ဦးဌေးလွင်(တွဲဖက်ပါမောက္ခ-သမိုင်း)သည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာလဆိုင်းနှင့် အသင်းဝင်များ ပူးပေါင်းကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၇၀ နှင့်အတူ အမြင့်ပေ ၃၈၀၀ရှိ လားရှိုးမြို့အနီး ဆင်တောင်သို့ တက်ရောက်ခဲ့ကြသည်။

ဆင်တောင်ပေါ်တွင် Hiking Kingအဖြစ် စိုင်းအောင်မြတ်(တတိယနှစ်-သတ္တ)ကလည်းကောင်း၊ Queen အဖြစ် နန်းသီတာလင်း(တတိယနှစ်-ဓာတု)က လည်းကောင်း ရရှိကြပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် မောင်ပြည့်စုံစိုး (ပထမနှစ်-ရူပ)၊ မောင်ဇော်ဝင်းထွန်း(တတိယနှစ် -ဓာတု)၊ မနီလာဝင်းရွှေ (တတိယနှစ်-ရက္ခ)၊ မောင်ဇာနည်မောင်(ပထမနှစ်-ပထဝီဝင်)နှင့်မောင်စိုးမင်းနောင်(ဒုတိယနှစ်-သင်္ချာ)တို့က ပထမ၊ ဒုတိယဆုများ ရရှိခဲ့ကြောင်း သိရသည်။ **(က-ပ)**

ကျောင်းကုန်း ဆိပ်ကြီးလမ်း ကတ္တရာလမ်းခင်း ဆောင်ရွက်

သန်လျင် ဖေဖော်ဝါရီ ၂

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသည့် ကျောင်းကုန်း-ဆိပ်ကြီးလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်မြင့် ကွင်းဆင်းကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နန်း ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ ကိုယ့်အားကိုယ်ကိုး မြို့ပတ်လမ်းတံတားတည်ဆောက်နေမှုကို ဇန်နဝါရီ ၂၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှမြင့် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့ ဟွေပါဆာ ချောင်းတွင် ရေထိန်းတမံ ဆောက်လုပ်ခြင်းကို ဇန်နဝါရီ ၃၁ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးလှမျိုးတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ်အား နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၎င်း၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် နေပြည်တော်တွင် ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

လက်ဆောင်ပေးအပ်

ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရန် နေပြည်တော်လေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး နေပြည်တော်လေဆိပ်ဧည့်ခန်းမ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်အား ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ အမျိုးသားညီလာခံနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်အား နှောင့်ယှက်ဖျက်ဆီးရန်အတွက် NCUB၊NCGUB၊KNU၊MPU၊NLD(LA)၊ ABSDF၊ DPNS စသည့် အကြမ်းဖက်အဖျက်သမားများ ပူးပေါင်းထားသည့် SCC က အဖျက်လုပ်ရပ်များ ချမှတ်ခဲ့

လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ထပ်မံကြိုးပမ်းသွားမည် အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ်၌ မြန်မာနိုင်ငံအား အရေးယူနိုင်ရေး လုပ်ဆောင်သွားမည် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်အား နေရာတိုင်း အဆင့်တိုင်း၌ ဆုပ်ကိုင်သွားမည်ဟုဆို

SCC ပြောခွင့်ရဆိုသူ KNU နိုင်ငံရေးသမား ပဒိုမန်းရှာက ရှစ်ပြည်နယ်အခြေခံထားသည့် ဖက်ဒရယ်မူဖြင့် အခြေခံဥပဒေမူကြမ်းရေးဆွဲနေပြီဟု VOA အား အတိအလင်း ပြောကြားခဲ့

ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးစေရန် ပူးပေါင်းလုပ်ကြံလာသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ မသမာသောလုပ်ရပ်အား ကြိုတင်တားဆီးတိုက်ဖျက်ချေမှုန်းသွားရန် ပြည်သူလူထုကြီးက လိုလားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ကျင့်သုံးနိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိရာ မကြာမီ အောင်မြင်ပြီးမြောက်တော့မည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●